မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၄၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ် တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း **သတင်းဆောင်းပါးအညွှန်း**

မူဆယ်မြို့သည် မြန်မာနိုင်ငံ၏ နယ်စပ်မြို့များအနက် ကုန်သွယ်မှုပမာဏ အများဆုံးမြို့ဖြစ်သကဲ့သို့ ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိ။

တင်ထွေး (သတင်းစဉ်) ၏ သတင်းဆောင်းပါး စာ - ၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

စစ်ကိုင်းတိုင်း ပုလဲမြို့နယ်၌ ကန့်ဒေါင့်ရေလှောင်တမံဖွင့်လှစ် လယ်မြေဧရိယာဧက ၂၀၀အတွက် ရေပေးဝေနိုင်ပြီ

နေပြည်တော် နိုဝင်ဘာ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာအနီးရှိ ကန့်ဒေါင့်ရေလှောင်တမံဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ရက် နံနက် ၉နာရီက အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့် ပုလဲမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တည်ဆောက်ရေး(၄)မှ အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။ *စာမျက်နှာ ၇ ကော်လံ ၃*

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာအနီး ကျောက်ဖြုတ်ချောင်းကိုပိတ်၍ တည်ဆောက်ထားသော ကန့်ဒေါင့်ရေလှောင်တမံ၏ ရေသိုလှောင်ထားရှိမှုကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ပညာရေးအဆောက်အအုံများဖြင့် တိုးတက်သစ်လွင်နေသော နေပြည်တော်တပ်ကုန်း

နေပြည်တော် နိုဝင်ဘာ ၁၇

နေပြည်တော် တပ်ကုန်းသည် စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့တစ်မြို့ဖြစ်သည်။ ထိုမြို့သည် ရန်ကုန်-မန္တလေး ကားလမ်းမကြီး ဖြတ်သန်းသွားရာမြို့ဖြစ်ပြီး မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်မျှသာ ရှိသည်။

ရောင်းဝယ်ဖောက်ကား

ယခုအခါ မြို့တွင်းလမ်းများ၊ လျှပ်စစ်မီးတိုင်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ် တိုက်တာများ တိုးတက်ပြောင်းလဲလာလျက်ရှိသည်။ ထိုမြို့နယ်သည် သီးနှံစုံထွက်ရှိရာ မြို့ဖြစ်သဖြင့် ရောင်းဝယ်ဖောက်ကား စည်ကားရာမြို့တစ်မြို့ ဖြစ်လာခဲ့ပေပြီ။ *စာမျက်နှာ ၆ ကော်လံ ၁*

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

နေပြည်တော်တပ်ကုန်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မက်(စ်)မြန်မာ ဝန်ထမ်းများ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်ကို ဤသို့တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် နိုဝင်ဘာ ၁၈ ရက်)

အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပိုမိုတိုးတက်ဖြစ်ထွန်းနိုင်

(၃၁)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများအစည်းအဝေးကို ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆီရီဘီဂါဝန်မြို့ Empire ဟိုတယ်၌ နိုဝင်ဘာလ ၁၀ရက်နေ့က ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ကမ္ဘာနှင့်အဝန်း ယနေ့ကြုံတွေ့လာရသည့် ရာသီဥတုပြောင်းလဲမှုကြောင့် စားနပ်ရိက္ခာဖူလုံမှုအပေါ် စိန်ခေါ်ခြိမ်းခြောက်မှုဆိုးကျိုးများ လျော့နည်းရေးနှင့် ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ လိုက်လျောညီထွေ ကျင့်သုံးဆောင်ရွက်ရေးလုပ်ငန်းများ၌ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်း လယ်ယာနှင့်သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတို့ကို မြန်မာကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးခဲ့သည်။

ခေတ်မီကျွမ်းကျင်မှုနည်းပညာများ ဖြန့်ဝေအသုံးပြုရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး၊ လူ့အရင်းအနှီး ဖွံ့ဖြိုးရေးအတွက် သင်တန်းအစီအစဉ်များ ဆွေးနွေးအတည်ပြုရေး၊ အဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံတကာစံနှုန်းနှင့် လုပ်နည်းစနစ်များ တစ်ပြေးညီချမှတ်ကျင့်သုံးရေး ကိစ္စရပ်များကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးခဲ့သည်။

အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံနှင့် အပေါင်းသုံးနိုင်ငံတို့မှ ခေါင်းဆောင်များသည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောဆိုင်ရာ ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ ၂၀၀၉-၂၀၁၄ ခုနှစ်ကို နိုဝင်ဘာလ ၁၁ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်မှုကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့၏ လယ်ယာနှင့်သစ်တောထွက်ကုန်များ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတွင် ရေရှည်ယှဉ်ပြိုင်နိုင်မှု စွမ်းရည်တိုးမြှင့်ရေးအတွက် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ၊ နည်းပညာလွှဲပြောင်းအသုံးချမှုများ၊ စံချိန်စံညွှန်းများ တစ်ပြေးညီသတ်မှတ်ခြင်းနှင့် ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုလုပ်ငန်းများကို ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်ကြမည် ဖြစ်သည်။

သို့ဖြစ်ပေရာ (၃၁)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံများအစည်းအဝေးသည် အာဆီယံ(၁၀)နိုင်ငံ၊ အာဆီယံ(၁၀)နိုင်ငံနှင့် မိတ်ဖက်သုံးနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများ၌ ပိုမိုတိုးတက်ဖြစ်ထွန်းဖြစ်တည်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)
(၁၉-၁၁-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (အဂ္ဂလိမာလသုတ် + ဓာဇဂ္ဂသုတ်)
ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (သရဏဂုံ)
၈း၃၅ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (အဲလက်စ်)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (နဝမ မြောက်ဂြိုဟ်-ပလူတို)(အပိုင်း-၁)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် တေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ကျေးလက်လူနေမှုဘဝသရုပ်ဖော်-အိုင်ချင်းများ) (သာရဝေါ-စိုးကြည်)
၁၂း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၀၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (နွေးထွေးတဲ့ရင်ခွင်)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ သီချင်းပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (သင့်အိမ်ဝန်းကျင် မြေပိုလျှင် သီးပင်စားပင်စိုက်ပျိုးပါ)
၁၈း၄၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (ဘဝဆိုသည်မှာ)
၁၉း၄၀ ရေဒီယိုအတိတ်တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (အေးအတူပူအမျှ)
၂၀း၅၀ တေးသံစုံ (စန္ဒရားမြင့်သိန်းနှင့်အဖွဲ့)
၂၁း၀၀ စီးပွားရေးဦးတည်ချက် ဆောင်းပါး (ညီမျှခြင်းနဲ့ချစ်ကြပါ)
၂၁း၁၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **ကောင်းခြင်းလေးဖြာရအောင်ရှာ** တရားတော် (ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (ဇာတ်သိမ်းပိုင်း)
၈း၃၀ 25th SEA GAME အတွက် ကြိုတင်ပြင်ဆင်နေမှုများ (စားပွဲတင်တင်းနစ်)
၈း၅၀ Industrial Talk
၉း၁၅ ပါဝင်နွဲပျော် MIKKO ကံစမ်းပွဲတော် (ပထမအကြိမ်)
၉း၃၅ အားကစားမြင်ကွင်းစုံ (ဦးဖေသိန်း၊ ထွန်းနေစိုး၊ နေအောင်သန့်)
၁၀း၂၀ စာအုပ်စာပေလူ့မိတ်ဆွေ ဒေါက်တာဒဂုန်ခင်သဇင် (အပိုင်း-၁)
၁၀း၄၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဘိုဘိုဟန်)
၁၁း၁၅ Activities in the City (အရိုးပါးရောဂါ အသိပညာပေး ဟောပြောပွဲအခမ်းအနား)
၁၁း၃၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Camera Baby World)
၁၁း၄၅ ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာမ မစန္ဒာ)
၁၂း၂၀ ဗီဒီယိုပြခန်း
၁၂း၄၀ မမေ့နိုင်စရာ… ရှမ်းရိုးရာအစားအစာ
၁း၀၀ **ကောင်းခြင်းလေးဖြာရအောင်ရှာ** တရားတော် (ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ **စကားနုပန်း** အပျိုကြီးဖြစ်တာကောင်းတယ် အပျိုကြီးမဖြစ်တာကောင်းတယ်
၃း၄၀ ပါဝင်နွဲပျော် MIKKO ကံစမ်းပွဲတော် (ပထမအကြိမ်)
၄း၀၅ စာအုပ်စာပေလူ့မိတ်ဆွေ ဒေါက်တာဒဂုန်ခင်သဇင် (အပိုင်း-၁)
၄း၂၀ **ကျော်သွားမှာလား… ဖော်စားမှာလား** ခန့်စည်သူ၊ ဦးစောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမာန်အောင်အောင် (ဒါရိုက်တာ-အကယ်ဒမီ မလိခစိုးထိုက်အောင်)
၄း၃၀ အလှဆင်စရာပရိဘောဂကမ္ဘာ (ချမ်းမြေ့သာ)
၄း၄၅ Activities in the City (အရိုးပါးရောဂါ အသိပညာပေး ဟောပြောပွဲအခမ်းအနား)
၅း၀၀ ပြည်သူများသိသင့်သောဆေးပညာ ကျင့်ဝတ်သိက္ခာများ (အပိုင်း-၅)
၅း၃၅ သီချင်းကောင်းကောင်းသီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဓာတ်ပုံထဲမှအမှတ်တရများ (ခရစ္စတီးနား)
၆း၄၅ ဗီဒီယိုပြခန်း
၇း၀၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Camera Baby World)
၇း၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ(ဘိုဘိုဟန်)
၈း၀၀ MRTV-4 သတင်း
၈း၃၀ **စကားနုပန်း** အပျိုကြီးဖြစ်တာကောင်းတယ် အပျိုကြီးမဖြစ်တာကောင်းတယ်
၉း၂၀ အလှဆင်စရာပရိဘောဂကမ္ဘာ (ချမ်းမြေ့သာ)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (ဇာတ်သိမ်းပိုင်း)
၁၀း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁း၄၅ Industrial Talk
၁၂း၁၀ SOED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
၁၂း၂၅ ဖိတ်ခေါ်လိုက်ပါသည် ငွေဆောင်ကမ်းခြေဆီ
၁၂း၄၀ သီချင်းကောင်းကောင်းသီချင်းတောင်း
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၈-၁၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မေးမြန်းစူးစမ်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၃၀ ၉။ ကျန်းမာသုတ
၅း၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ Mail Box
၆း၃၅ ၁၄။ ကာတွန်းအစီအစဉ် **မျော်ဆရာနှင့် ပင်လယ် နတ်သမီး** (အပိုင်း-၂၃)
၆း၄၅ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲက ပန်းတစ်ပွင့်** (အပိုင်း-၁၉)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဖြေလိုက်ပါ
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်ချိန်** (တတိယတွဲ) (အပိုင်း-၂၇)

သဘင်အစည်းအရုံး အဆောက်အအုံသစ်များဖွင့်ပွဲ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့နယ်၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

လေဘေးကြောင့်ပျက်စီးသွားသော မော်လမြိုင်ကျွန်းမြို့နယ် သဘင်အစည်းအရုံး ရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ရက် နံနက် ၉နာရီက အဆိုပါအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မော်လမြိုင်ကျွန်းမြို့နယ် သဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမိုးဆန်း၊ သဘင်အစည်းအရုံး ဗဟိုဥက္ကဋ္ဌ ဦးစိန်မာဒင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးစိန်လှမြိုင်၊ ဦးရွှေနန်းတင်၊ ဦးရဲဒွေးနှင့် ဘဏ္ဍာရေးမှူး ဦးစိန်ဘမော်တို့က အမှာစကားပြောကြားကြသည်။

ပြောကြား

ဆက်လက်၍ ဘိုကလေးမြို့နယ် သဘင်အစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို နိုဝင်ဘာ ၁၄ရက် နံနက် ၉နာရီက ဘိုကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌနှင့် ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးညွန့်တို့က အမှာစကား ပြောကြားကြသည်။

တာဝန်ပေးအပ်

ထို့နောက် ဥက္ကဋ္ဌ ဦးစိန်ဗိုလ်မြင့်၊ အတွင်းရေးမှူး ဦးကျော်ဦးနှင့် အမှုဆောင်အဖွဲ့ဝင်ငါးဦးပါဝင်သော ဘိုကလေးမြို့နယ် သဘင်အစည်းအရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။ ဆက်လက်၍ မွန်းလွဲ ၁နာရီတွင် ဘိုကလေးမြို့နယ် သဘင်အစည်းအရုံး ရုံးအဆောက်အအုံသစ် ဖွင့်လှစ်သည့်အခမ်းအနားကို ကျင်းပခဲ့သည်။ *(မြန်မာ့အလင်း)*

သဃ်န်းကျွန်းမြို့နယ် သီရိရတနာရိပ်သာ အောင်သုခလမ်း အမှတ်(၂၄)နေ (သံအမတ်ကြီး ဒေါက်တာအောင်နိုင်)-ဒေါ်အေးမိ မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းအုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် သူနာပြု ဒေါ်နော်လားထူးအေးတို့က ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မြန်မာစာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက ကြီးမှူး၍ အသက်(၇၀)နှင့်အထက် အငြိမ်းစား မြန်မာစာဆရာကြီး ဆရာမကြီး ၄၅ ဦးအား နဝမအကြိမ်မြောက် ပူဇော်ပွဲကို ဒီဇင်ဘာ၁၉ရက်(စနေနေ့)မွန်းလွဲ၁နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပညာသင်နှစ်အသီးသီးမှ မြန်မာစာမိသားစုဝင်အားလုံး ပြန်လည်ဆုံတွေ့နိုင်ရန်နှင့် ဆရာကြီး ဆရာမကြီးတို့အား ပူဇော်ကန်တော့နိုင်ရန်အတွက် မပျက်မကွက် တက်ရောက်ကြပါရန် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားသည်။ အသေးစိတ် စုံစမ်းလိုသူများသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ဖုန်း-၀၁-၅၃၆၀၇၂၊ ၅၀၁၀၄၀ (တောင်ငူဆောင်)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပျော်ဘွယ်-မကွေး ရထားလမ်းဖောက်လုပ်ရေး ပျော်ဘွယ်-နတ်မောက်လမ်းပိုင်း ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ နိုဝင်ဘာ ၁၆ရက် နံနက်ပိုင်းတွင် ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ပျော်ဘွယ်-နတ်မောက်လမ်းပိုင်းကို စစ်ဆေးရန်အတွက် ပျော်ဘွယ်ဘူတာမှ RBE အထူးရထားဖြင့် ထွက်ခွာ၍ ပျော်ဘွယ်မြို့နယ် ဘဏ်တောရွာနှင့် ကန်စွယ်ရွာအကြား၌ သံလမ်းလုပ်သားများ သံလမ်းခင်းခြင်းနှင့် ကျောက်ဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောက်ရထားပေါ်မှ ကျောက်များချနေမှု၊ သဖန်းချောင်းရွာအနီး၌ သံလမ်းလုပ်သားများ သံလမ်းခင်းနေမှုနှင့် သဖန်းချောင်းဘူတာ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပေပင်လေးကျေးရွာအနီးရှိ နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးအောက်မှ ရထားများ ချောမွေ့စွာ ဖြတ်သန်းနိုင်ရေးအတွက် နေပြည်တော်-မန္တလေးလမ်း ဖောက်လုပ်ရေးစီမံကိန်းမှ တည်ဆောက်နေသော (Road Over Bridge) နှင့် ပျော်ဘွယ်မြို့နယ် တောင်ညောင်ကုန်းရွာအနီးရှိ တောင်ညောင်ကုန်းဘူတာ တည်ဆောက်နေမှုနှင့် ဖြတ်မြေလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မြေသားတာပေါင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပျော်ဘွယ်မြို့နယ်ရွာတော်ကျေးရွာအနီး၌ ရွာတော်ဘူတာတည်ဆောက်နေမှုနှင့် စက်ယန္တရားများဖြင့် ဖြတ်မြေလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

အဆိုပါ ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ပျော်ဘွယ်-နတ်မောက်လမ်းပိုင်းရှိ ပျော်ဘွယ်-ရွာတော်အပိုင်း ၂၇မိုင်၌ ဘူတာခြောက်ခု၊ ၁၀ပေနှင့်အောက် တံတား ၅၃ စင်း၊ ၁၀ပေနှင့် ပေ ၄၀ကြား တံတား ခြောက်စင်း၊ အများဆုံးဆင်ခြေလျှော ၁း၈၀၊ အများကွေ့ ဒီဂရီ ၆ဒီဂရီပါရှိပြီး သတ်မှတ်ကာလအမီ ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ပျော်ဘွယ်မြို့နယ် ဘဏ်တောရွာနှင့် ကန်စွာရွာအကြား၌ သံလမ်းလုပ်သားများ သံလမ်းခင်းခြင်းနှင့် ကျောက်ဖြည့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း ထိန်းသိမ်းရေး တာချီလိတ်တွင် အသိပညာပေးဟောပြော

တာချီလိတ် နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် လူမှောင်ခို တားဆီးကာကွယ်ရေးအဖွဲ့တို့ပူးပေါင်း၍ မြို့ပေါ် ရပ်ကွက်နှင့်ကျေးရွာများသို့ အသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဟောပြောလျက်ရှိရာ အောက်တိုဘာ ၂၂ရက် မွန်းလွဲ ၁နာရီက အောင်မြတ်ခန်းမ၌ မြို့တွင်းလိုင်းကားမောင်းနှင်သူများနှင့် ဆိုင်ကယ် အငှားယာဉ်မောင်းသူများကို အသိပညာပေးဟောပြောသည်။

ရှင်းလင်းတင်ပြ

ဟောပြောပွဲတွင် တာချီလိတ်ခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ရွှေလင်းက ယာဉ်မောင်းသူများလိုက်နာရမည့် စည်းကမ်းများကို သရုပ်ပြပုံများနှင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုရဲအုပ်မင်းခိုင်က လူမှောင်ခိုတားဆီးကာကွယ်ရေးအတွက် ယာဉ်မောင်းသူများ သိရှိထားရမည့်အချက်များနှင့် ပါဝင်ကူညီရမည့် အခန်းကဏ္ဍများကို ဖြစ်စဉ်များနှင့်တကွ ရှင်းလင်းတင်ပြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဒေါက်တာခင်မျိုးဟန်၏ သားသားမီးမီးတို့ ဖြစ်တတ်သောရောဂါများ စာအုပ်ဖြန့်ချိ



ရန်ကုန် နိုဝင်ဘာ ၁၇

ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာခင်မျိုးဟန်၏ သားသားမီးမီးတို့ ဖြစ်တတ်သော ရောဂါများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

ဆွေးနွေးတင်ပြ

ယင်းစာအုပ်တွင် ကလေးသူငယ်များနှင့်စပ်လျဉ်း၍ အတွေ့ရများသော ရောဂါများ၊ အတွေ့ရနည်းသော်လည်း အလေးထားရမည့်ရောဂါများ၊ အလေးထားစရာကင်ဆာရောဂါများ၊ ဂရုပြုရမည့်ကူးစက်ရောဂါများ၊ ဂရုပြုရမည့် မတော်တဆတွေ့ကြုံနိုင်သော ရောဂါများဟူ၍ အပိုင်း ငါးပိုင်းခွဲပြီး ရေးသားတင်ပြထားသော စာအုပ်ဖြစ်သည်။ ရင်သွေးငယ်တိုင်း တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်တတ်၊ ကြုံတတ်သော ရောဂါများနှင့် ရှောင်လွှဲမရသည့် ထိုရောဂါများဖြစ်လာလျှင် မည်သည့်ရောဂါအတွက် မည်သို့ကာကွယ်စောင့်ရှောက်သင့်ပုံ၊ ကြိုတင်ကာကွယ်သင့်ပုံတို့ကို မိဘအုပ်ထိန်းသူများ ကျန်းမာရေးအသိနှင့်ယှဉ်ပြီး ပြုစုစောင့်ရှောက်နိုင်စေရန် ဆွေးနွေးတင်ပြထားသော စာအုပ်ဖြစ်သည်။

ဖြန့်ချိ

သားသမီးရင်သွေးရှိသော မိဘအုပ်ထိန်းသူတို့၏ အနီးတွင် ဆရာဝန်တစ်ဦးရှိသည့်ပမာ လက်စွဲပြုရမည့် ဤစာအုပ်ကို စာရေးသူ၏ ပထမစာအုပ် သားသားမီးမီးတို့ ကျန်းမာသန်စွမ်းဖို့ ထုတ်ဝေခဲ့သည့် Wisdom House အမှတ် ၁၀၁ တိုက် (၁၁၉၁ -၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉-၅၀-၅၈၅၃၃ကပင် ဖြန့်ချိပြီး စာအုပ်တန်ဖိုးမှာ ကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့် တိုင်း အခြေခံပညာအဆင့် အသက်(၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ပြည်နယ်နှင့်တိုင်း အခြေခံပညာအဆင့် အသက် (၁၆)နှစ်နှင့်အောက် အမျိုးသား ဘတ်စကက်ဘော ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း အမျိုးသားအသင်းကို ဒိုင်းဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၁၇

ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပထမအကြိမ် အခြေခံပညာအဆင့် ပြည်နယ်နှင့်တိုင်း အသက်(၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲများကို ယနေ့နံနက် ၉နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အနိုင်ရ

အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲတွင် စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းက ၃၇မှတ်၊ ၃၃မှတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းက ၅၂မှတ်၊ ၄၃မှတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မွန်းလွဲ ၁၂နာရီခွဲတွင် ကျင်းပရာ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ အမှုဆောင် ဒေါ်ခင်အုန်းမြင့်က အမျိုးသမီးပြိုင်ပွဲတွင် ပူးတွဲတတိယရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက ပူးတွဲတတိယရရှိသော ရန်ကုန်တိုင်းအား ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးထင်လင်းပြည့်က ဒုတိယရရှိသော မန္တလေးတိုင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ်လေးသိန်းကိုလည်းကောင်း၊ ရွှေသံလွင် ကုမ္ပဏီနာယက ဒေါ်နီက ဗိုလ်စွဲသွားသော စစ်ကိုင်းတိုင်းအား တစ်ဦးချင်းရွှေတံဆိပ်များနှင့် ဆုကြေးငွေကျပ် ခြောက်သိန်းကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ပညာ) ဦးကျော်ဝင်းမြင့်က အမျိုးသားပြိုင်ပွဲတွင် ပူးတွဲတတိယရရှိသော စစ်ကိုင်းတိုင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြသန်းထိုက်က ပူးတွဲတတိယရရှိသော မန္တလေးတိုင်းအား ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် ဘတ်စကက်ဘော အားကစားသမားဟောင်း ဦးမြင့်သိန်းက ဒုတိယရရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း)အား ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် လေးသိန်းကိုလည်းကောင်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်က ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအား တစ်ဦးချင်း ရွှေတံဆိပ်များနှင့် ဆုကြေးငွေကျပ်ခြောက်သိန်းကို လည်းကောင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ပြိုင်ပွဲတစ်လျှောက်တွင် အကောင်းဆုံးအားကစားသမားဆုရရှိကြသော စစ်ကိုင်းတိုင်းမှ မယုမမအောင်နှင့် ရန်ကုန်တိုင်းမှ မောင်ဇာဏီထွန်းတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် တစ်သောင်းစီကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော စစ်ကိုင်းတိုင်းအမျိုးသမီးအသင်း**(အောက်ပုံ)**နှင့် ရန်ကုန်တိုင်း အမျိုးသားအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၁၁-၂၀၀၉
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။ နံနက်ခင်းသတင်း
၇း၄၀	၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၆။ မြိုးမြိုးကြွကြွ ယဉ်ကျေးမှုအက
၈း၀၅	၇။ အတီးပြိုင်ပွဲ
၈း၁၅	၈။ တေးဂီတအစီအစဉ်
၈း၃၀	၉။ မြန်မာ့ကျောက်မျက်ရတနာပြတိုက်
၈း၄၀	၁၀။ International News
၈း၅၀	၁၁။ **ချောင်းကမ်းဘေးက ရွာကလေး**
၉း၀၀	၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ တေးဂီတအစီအစဉ်
၄း၂၀	၃။ အကပြိုင်ပွဲ
၄း၃၀	၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၄း၄၀	၅။ **အားနာတယ်**
၄း၅၅	၆။ သီချင်းကြီးပဒေသာ
၅း၀၅	၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅း၂၀	၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၃၀	၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၄၀	၁၀။ စုပါတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၁။ ညနေခင်းသတင်း
၆း၁၅	၁၂။ မိုးလေဝသအခြေအနေ
၆း၂၀	၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၄၀	၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၀၅	၁၅။ ရာသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၄၀	၁၆။ ဝတ်မှုံတေးဂီတ ဖျော်ဖြေခန်း
၈း၀၀	၁၇။ ပြည်တွင်းသတင်း
	၁၈။ နိုင်ငံတကာသတင်းများ
	၁၉။ မိုးလေဝသအခြေအနေ
	၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **ချစ်မှာလားကွယ် ကြိုက်မှာလားကွယ် မေးစမ်းပါရစေ တိုးတိုးတိတ်တိတ်** လူမင်း၊ နန္ဒာလှိုင် (ဒါရိုက်တာ-ဟိန်းစိုး)

မြောက်ပိုင်းဒေသများ၌ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၇

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ် အထိပိုခဲ့ပြီး ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၆ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မိုင်းဆက်မြို့၊ ကျောက်တော်မြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ဒသမ ၂၄လက်မစီနှင့် တံတားဦးမြို့တွင် ၀ဒသမ ၂၀လက်မတို့ ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

<u>နိုဝင်ဘာ ၁၈ ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

<u>နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၈ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> အများအားဖြင့်သာယာမည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၈ ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၈ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ယခုနှစ်၌ တရုတ်စက်မှုထုတ်ကုန် ၁၀ဒသမ၅ရာခိုင်နှုန်း မြင့်တက်ဖွယ်ရှိ

ပေကျင်း နိုဝင်ဘာ ၁၇

တရုတ်စက်မှုထုတ်ကုန်သည် ၂၀၀၉ခုနှစ် ဒီဇင်ဘာလ၌ ယခင်နှစ်ကထက် ၁၆ရာခိုင်နှုန်းခန့် မြင့်တက်နိုင်မည်ဟု ခန့်မှန်းရကြောင်းနှင့် ၂၀၀၉ခုနှစ်တစ်နှစ်လုံးတွင် စက်မှုထုတ်ကုန်သည် ၁၀ဒသမ ၅ရာခိုင်နှုန်းအထိ မြင့်တက်လာဖွယ်ရှိကြောင်း စက်မှုနှင့်နည်းပညာသတင်းဆိုင်ရာဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။

တရုတ်စက်မှုထုတ်ကုန်သည် ၂၀၀၈ခုနှစ်၌ စုစုပေါင်း ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၄၃ရာခိုင်နှုန်းရှိပြီး ယခင်နှစ်က ၄၂ ဒသမ ၈ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

တိုးတက်လာ

ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် တရုတ်စီးပွားရေးအခြေအနေသည် ၂၀၀၈ခုနှစ်အတွင်း၌ တိုးတက်မှုနှေးကွေးခဲ့သော်လည်း နှစ်အစပိုင်း တွင် ယွမ် ၃၀ဒသမ ၀၇ထရီလီယံ(အမေရိကန်ဒေါ်လာ ၄ဒသမ၄ ထရီလီယံ)ရရှိကာ ၉ရာခိုင်နှုန်း တိုးတက်လာသည်ဟု သိရသည်။ ***(အင်တာနက်)***

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ အတ္တလန္တစ်အာကာသလွန်းပြန်ယာဉ် လွှတ်တင်ပုံကို နိုဝင်ဘာ ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့၌ ကလေးငယ်များ၏ ခရစ္စမတ်အကြို သရုပ်ပြဖျော်ဖြေနေမှုကို နိုဝင်ဘာ ၁၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

သမားရိုးကျလက်နက် မတရားအသုံးပြုမှု အရေးယူရန် ဘန်ကီမွန်းတောင်းဆို

ဂျီနီဗာ နိုဝင်ဘာ ၁၇

အရပ်သားများကို သမားရိုးကျလက်နက်များ မတရားအသုံးပြုတိုက်ခိုက်ခြင်းအပေါ် အရေးယူရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက နိုဝင်ဘာ ၁၂ရက်တွင် မေတ္တာရပ်ခံလိုက်ပြီး သမားရိုးကျလက်နက်များဆိုင်ရာ သဘောတူညီချက်(စီစီဒဗလျူ)ကို လိုက်နာကြရန် တိုက်တွန်းပြောကြားသွားသည်။

မေတ္တာရပ်ခံ

၂၀၀၉ ခုနှစ် သမားရိုးကျလက်နက်များဆိုင်ရာ အစည်းအဝေးသို့ပေးပို့သည့် သဝဏ်လွှာတွင် မစ္စတာဘန်ကီမွန်းက ယင်းကဲ့သို့ မေတ္တာရပ်ခံလိုက်ခြင်းဖြစ်သည်။

ဖွင့်လှစ်

၂၀၀၉ ခုနှစ် သမားရိုးကျလက်နက်များဆိုင်ရာ အစည်းအဝေးကို ဂျီနီဗာမြို့၌ နိုဝင်ဘာ ၁၂ရက်က စတင်ဖွင့်လှစ်လိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်ပူးပေါင်းစစ်ဆင်ရေး တာလီဘန် နှစ်ဦးသေဆုံး သုံးဦးဖမ်းမိ

ကဘူးလ် နိုဝင်ဘာ ၁၇

အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်များ၌ အာဖဂန်အမျိုးသားတပ်ဖွဲ့နှင့် နေတိုးတပ်ဖွဲ့တို့၏ ပူးပေါင်းစစ်ဆင်ရေးအတွင်း တာလီဘန်စစ်သွေးကြွနှစ်ဦးသေဆုံးပြီး သုံးဦးလက်ရဖမ်းမိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။

သိမ်းဆည်းရမိ

အဆိုပါစစ်ဆင်ရေးအတွင်း လက်နက်ခဲယမ်းအမြောက်အမြားကိုလည်း သိမ်းဆည်းရမိခဲ့သည်ဟု ဆိုသည်။

သံသယရှိ

ထို့အပြင် ဇာဘူးလ်ပြည်နယ်နှင့် ပတ်တီကာပြည်နယ်တောင်ပိုင်းမှ စစ်သွေးကြွဟု သံသယရှိသူ ၁၂ဦးအား ဖမ်းဆီးရမိကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး လေကြောင်းပို့ဆောင်ရေးဈေးကွက် လာမည့်နှစ် ၂၀တွင် အာရှ-ပစိဖိတ်ဒေသဖြစ်လာမည်

တီယန်ကျင်း နိုဝင်ဘာ ၁၇

အာရှ-ပစိဖိတ်ဒေသသည် လာမည့်နှစ် ၂၀တွင် ကမ္ဘာ့အကြီးဆုံး လေကြောင်းပို့ဆောင်ရေးဈေးကွက်၏ ဦးဆောင်ဒေသဖြစ်လာလိမ့်မည်ဟု ဘိုးရင်းလေကြောင်းကုမ္ပဏီအမှုဆောင်အရာရှိတစ်ဦးက ခန့်မှန်းပြောကြားသည်။

အာရှ-ပစိဖိတ်ဒေသသည် လေယာဉ်ဖြင့် သွားလိုသူများ တစ်နေ့ထက်တစ်နေ့ များပြားလာသည့်အတွက် ကမ္ဘာ့လေကြောင်းပို့ဆောင်ရေးဈေးကွက်ကို ထိပ်တန်းဦးဆောင်နိုင်သည့် ဒေသဖြစ်လာနိုင်သည်။

မိန့်ခွန်းပြောကြား

ထို့အပြင် လာမည့်နှစ် ၂၀တွင် ကမ္ဘာ့လေကြောင်း ပို့ဆောင်ရေးဈေးကွက်၏ အချက်အချာ ဗဟိုဌာနဖြစ်လာလိမ့်မည်ဟု ဘိုးရင်းစီးပွားဖွံ့ဖြိုးတိုးတက်မှုအဖွဲ့(တရုတ်) ကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ကင်းနက်ဂျီယာတာက တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြောက်ပိုင်းဆိပ်ကမ်းမြို့တော် တီယန်ကျင်းတွင် နိုဝင်ဘာ ၁၄ရက်က ကျင်းပသော ထုတ်လုပ်မှု လုပ်ငန်းစီမံခန့်ခွဲရေးဆိုင်ရာ နိုင်ငံတကာ ဖိုရမ်၌ မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစာချုပ် မက္ကဆီကိုနှင့် စင်ကာပူ သဘောတူလက်မှတ်ရေးထိုး

မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁၇

မက္ကဆီကိုနှင့် စင်ကာပူနိုင်ငံတို့သည် ရင်းနှီးမြှုပ်နှံမှု ကာကွယ်ရေးနှင့်မြှင့်တင်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်ကြပြီဖြစ်ကြောင်း မက္ကဆီကို စီးပွားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၄ရက်တွင် သတင်းထုတ်ပြန်သည်။

လက်မှတ်ရေးထိုး

ထိုသဘောတူညီချက်ကို စင်ကာပူတွင် လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး မက္ကဆီကို စီးပွားရေးဝန်ကြီး ဂျီရာဒိုရုဇ်မာတီယိုနှင့် စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးလင်ဟတ်ကိုင်တို့ လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

ဖော်ပြထား

ထိုသဘောတူညီချက်သည် ရင်းနှီးမြှုပ်နှံရေး ငွေလုံးငွေရင်းလွှဲပြောင်းရာတွင် လွယ်ကူချောမောစေလိမ့်မည်ဖြစ်ကြောင်း မက္ကဆီကို စီးပွားရေးဝန်ကြီးဌာန၏ ကြေညာချက်ထုတ်ပြန်ရာ၌ ဖော်ပြထားသည်။

စင်ကာပူနှင့် မက္ကဆီကိုနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏသည် ၂၀၀၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ဒသမ၂ ဘီလီယံနီးပါးရှိခဲ့ပြီး ၂၀၀၇ခုနှစ်ကထက် ၂၅ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ရှန်စီပြည်နယ်ရှိ စင်ယန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆီးနှင်းများဖုံးလွှမ်းနေသည်ကို နိုဝင်ဘာ ၁၆ရက်က တွေ့ရစဉ်။ (ထိုသို့ဆီးနှင်းများကျဆင်းမှုကြောင့် လေယာဉ်ခရီးစဉ် ၈၀ခန့် ရပ်ဆိုင်းထားခဲ့ရသည်။) (အင်တာနက်ဓာတ်ပုံ)

ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များ ချဒ်နှင့် ဗဟိုအာဖရိကသို့ စေလွှတ်

ဖနောင်ပင် နိုဝင်ဘာ ၁၇

ကမ္ဘောဒီးယားအစိုးရသည် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေး အစီအစဉ်အရ ချဒ်နိုင်ငံနှင့် ဗဟိုအာဖရိကသမ္မတနိုင်ငံတို့သို့ တပ်ဖွဲ့ဝင် ၄၂ဦးတို့အား နိုဝင်ဘာ ၁၄ရက်က စေလွှတ်လိုက်ကြောင်း သတင်းရရှိသည်။

မိမိတို့ ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များသည် လေဆိပ်လုံခြုံရေး၊ ဆိပ်ကမ်းလုံခြုံရေးတို့အတွက် ကာကွယ်ရန် တာဝန်ထမ်းဆောင်ရမည်ဖြစ်သကဲ့သို့ ဒုက္ခသည်များ ဘေးကင်းရာသို့ရောက်အောင် ကူညီဆောင်ရွက်ရန်လည်းဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူများအတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ စားနပ်ရိက္ခာ သယ်ယူပို့ဆောင်ရာတွင် ကာကွယ်စောင့်ရှောက်ပေးရန်လည်းဖြစ်ကြောင်း ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးတီးဘင့်က ဖနောင်ပင်မြို့ ဆင်ခြေဖုံးရှိ လေတပ်စခန်း၌ ကျင်းပသော နှုတ်ဆက်ညှော်ခံပွဲတွင် ပြောကြားသည်။

ယခုတစ်ကြိမ်သည် ချဒ်နှင့် ဗဟိုအာဖရိကတို့သို့ ကမ္ဘောဒီးယားနိုင်ငံမှ တပ်ဖွဲ့ဝင်များ ပထမဦးဆုံးစေလွှတ်ခြင်းဖြစ်သည်ဟုလည်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယား၌ A(H1N1) ရောဂါဖြင့် သေဆုံးသူ ၆၄ဦးရှိ

ဆိုးလ် နိုဝင်ဘာ ၁၇

တောင်ကိုရီးယားနိုင်ငံ၌ A(H1N1)တုပ်ကွေးရောဂါကြောင့် ထပ်မံသေဆုံးသူ ၁၂ ဦးရှိကြောင်း နိုဝင်ဘာ ၁၂ရက်တွင် သတင်းထုတ်ပြန်သည်။ တောင်ကိုရီးယားနိုင်ငံ၌ A(H1N1)တုပ်ကွေးရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၆၄ဦးရှိသွားပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သတင်းထုတ်ပြန်

နောက်ဆုံးသေဆုံးသူမှာ နာတာရှည်ရောဂါကို အချိန်ကာလကြာမြင့်စွာ ခံစားနေခဲ့ရသည့် ၁၈နှစ်အရွယ်အမျိုးသမီးဖြစ်ကြောင်း၊ ကျန်ရှစ်ဦးမှာ ရောဂါအပြင်းအထန် ခံစားရသူများဟုယူဆရကြောင်း၊ ကျန်သုံးဦးမှာ ဆိုးလ်မြို့မှ အသက်ခြောက်နှစ်အရွယ် ယောကျ်ားလေးတစ်ဦး၊ အသက် ၃၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၅၆နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး ချွန်ချီယွန် ပြည်နယ်မှဖြစ်ကြောင်း အစိုးရဗဟိုရောဂါကုသရေးဌာနက သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

ဖိလစ်ပိုင်၌ ငလျင်နှစ်ကြိမ်လှုပ်ခဲ့

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆန်တို့စ်မြို့နှင့် မနီလာမြို့အနီးတွင် နိုဝင်ဘာ ၁၇ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၂ ရှိ ငလျင်နှစ်ကြိမ်လှုပ်ခဲ့ရာ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ကြောင်း၊ ပျက်စီးမှုမရှိကြောင်း သတင်းထုတ်ပြန်သည်။

ယီမင်၌ ဂျပန်အင်ဂျင်နီယာတစ်ဦး ပြန်ပေးဆွဲခံရ

ယီမင်နိုင်ငံ ဆန်နာမြို့ အရှေ့မြောက်ဘက်ရှိ အာဟက်ခရိုင်တွင် နိုဝင်ဘာ ၁၇ရက်က ဂျပန်အင်ဂျင်နီယာတစ်ဦး ပြန်ပေးဆွဲခံရကြောင်း၊ ယီမင်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများလက်ချက်ဖြစ်ကြောင်း ယီမင်အရာရှိများက ပြောကြားသည်။

နိုင်ငံတကာဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပြပွဲ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပမည်

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် နိုဝင်ဘာ ၁၈ရက်မှ ၂၁ရက်အထိ နိုင်ငံတကာဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပြပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းပြပွဲသို့ နိုင်ငံပေါင်း ၁၈နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၀၀ကျော် ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက နိုဝင်ဘာ ၁၇ရက်၌ ပြောကြားသည်။

ကျူးဘားကာကွယ်ရေးနေ့ တပ်များလေ့ကျင့်ရန်ကြေညာ

နိုဝင်ဘာ ၂၆ရက်တွင်ကျရောက်မည့် ကျူးဘားနိုင်ငံ အမျိုးသားကာကွယ်ရေးနေ့အတွက် တစ်နိုင်ငံလုံးရှိ ကျူးဘားအစိုးရတပ်များအားလုံး လေ့ကျင့်မှုများပြုလုပ်ရန် ကျူးဘားအစိုးရက နိုဝင်ဘာ ၁၇ရက်၌ ကြေညာချက်ထုတ်ပြန်ထားသည်။

(၅)ကြိမ်မြောက် နိုင်ငံတကာ လျှပ်စစ်ထုတ်ကုန်ပစ္စည်းပြပွဲ နီပေါနိုင်ငံခတ္တမန္ဒူ၌ ကျင်းပမည်

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် လာမည့် ဒီဇင်ဘာ ၁ရက်မှ ၅ရက်အထိ (၅)ကြိမ်မြောက် နိုင်ငံတကာ လျှပ်စစ်ထုတ်ကုန်ပစ္စည်းများပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း နီပေါအရာရှိများက နိုဝင်ဘာ ၁၇ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်မြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ် ကျင်ယန်စီရင်စုတွင် နိုဝင်ဘာ ၁၇ရက်က မြေပြိုမှုဖြစ်ပွားရာ ၂၃ ဦးသေဆုံးခဲ့ကြောင်း၊ မြေပြိုမှုအကျယ်အဝန်းမှာ စတုရန်းမီတာ ၂၀၀၀၀ ခန့်ရှိကြောင်းနှင့် အိမ်ငါးလုံးပျက်စီးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ရုရှားသင်္ဘော ရေခဲပြင်အတွင်း ပိတ်မိနေ

ရုရှားနိုင်ငံမှ ခရီးသည် ၁၀၅ ဦးတင်ဆောင်လာသော ရေခဲခွဲ ခရီးသည်တင်သင်္ဘောတစ်စင်းသည် အန္တာတိက ရေခဲပြင်အတွင်း နိုဝင်ဘာ ၁၇ရက်၌ ပိတ်မိနေကြောင်း၊ ရာသီဥတုဆိုးရွားနေကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

မက္ကဆီကို ဗီရာခရုဇ်ပြည်နယ်၌ မိုးသည်းထန်ရေလွှမ်း

မက္ကဆီကိုနိုင်ငံ ဗီရာခရုဇ်ပြည်နယ်တွင် နိုဝင်ဘာ ၁၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားရာ အိမ်များရေနစ်မြုပ်ကာ ကောက်ပဲသီးနှံများ ဆုံးရှုံးလျက်ရှိကြောင်း မက္ကဆီကိုအရာရှိများက ပြောကြားသည်။

(အင်တာနက်)

လှိုင်သာယာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ကြေးနှင့် ပညာသင်စရိတ်ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (လှိုင်သာယာမြို့နယ်)၏ အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ကြေး ပေးအပ်ပွဲနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်ပွဲကို နိုဝင်ဘာ ၁၅ရက် နံနက် ၉ နာရီက လှိုင်သာယာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသောင်းရွှေ(ငြိမ်း)တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် အသက်(၇၅)နှစ်နှင့်အထက် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်ခြောက်ဦးအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးသောင်းရွှေ(ငြိမ်း)**(အပေါ်ပုံ)**၊ မသန်စွမ်း စစ်မှုထမ်းဟောင်း ၁၂ဦးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ကလည်းကောင်း ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်ကြပြီး ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသော မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူများအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးမျိုးထွန်းဝင်း(ငြိမ်း) က ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

(ဝ၉၇)

မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ဦးနှင့် ဝန်ထမ်းများ နိုဝင်ဘာ ၇ရက်က အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

လေးမျက်နှာ အလက၊ အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်း လေးမျက်နှာမြို့ အလက၊ အထကကျောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်တွင် ကျင်းပမည်ဖြစ်ရာ အသက် (၆၀)ပြည့်နှင့် ပြည့်ပြီး ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လေးမျက်နှာမြို့ အထကကျောင်းသို့ ဒီဇင်ဘာ ၂၅ရက် ညနေအရောက် ကြွရောက်ကြပါရန်နှင့် တပည့်အပေါင်းမှ အလှူငွေများထည့်ဝင်လိုပါက ရန်ကုန်မှ ဒေါ်ညွန့်ညွန့်ဦး ဖုန်း-၀၁-၅၂၆၀၀၆၊ ဒေါ်မြင့်မြင့်ချို ဖုန်း-၀၉-၅၁၀၈၁၇၄၊ ဦးငွေဝင်း ဖုန်း-၀၉-၅၀၁၁၉၆၀၊ ဦးမြသိန်း ဖုန်း-၀၁-၅၃၅၆၇၂၊ မောင်ဇော်မင်းထွန်း ဖုန်း-၀၉-၅၀၅၁၇၈၉၊ ဟသ်ာတ ဦးထွန်းအောင် ဖုန်း-၀၄၄-၂၁၄၈၀၊ ဦးတင်နိုင်လင်း၊ ပုသိမ်မှ ဦးခင်မောင်စိုး ဖုန်း-၀၄၂-၂၁၀၈၇၊ အဝေရာ ဦးသိန်းဝင်း ဖုန်း-၀၉-၈၅၅၁၃၃၈၊ လေးမျက်နှာမှ ဒေါ်ကြင်ငွေ ဖုန်း-၀၉-၈၅၃၄၅၂ နှင့် ဦးစိုးလေး ဖုန်း-၀၉-၈၅၇၂၆၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ *(မြန်မာ့အလင်း)*

သာကေတ (၆)အနောက်ရပ်ကွက်၌ စာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် (၆)အနောက်ရပ်ကွက် စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်က စာကြည့်တိုက်မြေနေရာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင် **(အပေါ်ပုံ)**၊ မြို့မိ မြို့ဖ ဦးထိန်ဝင်း၊ ဦးဖြူဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မာမာဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ကိုကိုကြီးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်ရွှေ တို့က ပန္နက်တင်ပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

(၁၁၆)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် အောင်မင်္ဂလာဖြတ်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ကျောက်စုဆောင်းထားမှုကို နိုဝင်ဘာ ၆ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

IBTC OPEN Golf Championships (Mandalay) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar P.G.A တို့ကကြီးမှူး၍ International Beverages Trading Co.,Ltd.(IBTC)က အဓိက ကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2009-2010) စတုတ္ထပွဲစဉ်အဖြစ် IBTC OPEN Golf Championships (မန္တလေး) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ပွဲစဉ်ကို နိုဝင်ဘာ ၁၅ရက် နံနက်က မန္တလေးတိုင်း မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ဆုချီးမြှင့်

စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar P.G.Aမှ ဦးကိုကိုလေးက အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအားလည်းကောင်း၊ ပင်မစစ်လက်နက်ပစ္စည်းတပ် တပ်မှူးဗိုလ်မှူးချုပ်လှဝင်းက Professional အဆင့်ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်က အမျိုးသားအပျော်တမ်းပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၈၇ချက်ဖြင့် တတိယရရှိသော တင်လင်းကို၊ စုစုပေါင်းရိုက်ချက် ၂၈၇ချက်ဖြင့် ဒုတိယရရှိသော ဘိုဘို(မြန်မာ့လက်ရွေးစင်)၊ စုစုပေါင်းရိုက်ချက်၂၈၁ချက်ဖြင့် ပထမရရှိသော အောင်ဝင်း(မြန်မာ့လက်ရွေးစင်) တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုငွေပေးအပ်

ထို့နောက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က Professional Golfersပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၈၃ ချက်ဖြင့် တတိယရရှိသော ယဉ်အောင်လတ်၊ စုစုပေါင်းရိုက်ချက် ၂၈၁ချက်ဖြင့် ဒုတိယရရှိသော မျိုးမင်းအောင် (Trophy & Proshop)၊ စုစုပေါင်းရိုက်ချက်၂၈၀ဖြင့် ပထမရရှိသော နိုင်နိုင်လင်း(Srixon)တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး International Beverages Trading Co.,Ltd. (IBTC) မှ Executive Director ဦးတင်ဦးက ပထမရရှိသော နိုင်နိုင်လင်း (Srixon) **(အောက်ပုံ)**အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar P.G.A ဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ထပ်ဆောင်းဂုဏ်ပြုငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

ပံ့ပိုး

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် International Beverages Trading Co.,Ltd.(IBTC) က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် Air Bagan Ltd., KBZ Bank Ltd., Hotel Yangon, KM Golf Centre, HAN Golf Masters Pte.,Ltd., Myanmar Thiha Trading Co., Ltd., Bay of Bengal Resort(BOB), (INAX,T-Home),CEPSA Lubricantes, ACCEL International Co., Ltd. (Canon), Imperial Jade Purified Drinking Water, Lifeline Co., Ltd., GP Watchနှင့် ရေတံခွန်တောင် ဂေါက်ကလပ်တို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

နေပြည်တော် တပ်ကုန်း မကျီးပင် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ နှစ်ထပ်ကျောင်းဆောင်သစ်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

"ကျောင်းဆောင်သစ်ဖြစ်လာလို့ ဂုဏ်ယူမိပါတယ်"
ဒေါ်ခင်မြင့်လှိုင်
ကျောင်းအုပ်ဆရာမကြီး
မကျီးပင်အလယ်တန်းကျောင်းခွဲ

"ကျောင်းဆောင်သစ်တွေ ဆောက်လုပ်ပေးနိုင်တာဟာ ကလေးတွေပညာရေးအတွက် များစွာ အထောက်အကူပြုပါတယ်"
ဒေါ်သန်းတင်
ကျောင်းအုပ်ဆရာမကြီး
အခြေခံပညာအလယ်တန်းကျောင်း
(ညောင်လွန့်)

"ကျောင်းဆောင်သစ်တွေ ဆောက်လုပ်ပေးခဲ့လို့ ဝမ်းသာမိပါတယ်"
ဦးဇော်ဝင်း
ကျောင်းအုပ်ဆရာကြီး
အမှတ်(၁) အခြေခံပညာ
အထက်တန်းကျောင်း

နေပြည်တော်တပ်ကုန်းရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းဆောင်သစ်တစ်ဆောင်က ဤသို့ သစ်လွင်သပ်ရပ်လျက်....။ (မြန်မာ့အလင်း)

နေပြည်တော် တပ်ကုန်းသည် အဘက်ဘက်မှ တိုးတက်ပြောင်းလဲလာခဲ့ရာတွင် ပညာရေး အဆောက်အအုံများ ထူးထူးခြားခြား တိုးတက် သစ်လွင်လာသဖြင့် ဒေသရှိ ကျောင်းသား ကျောင်းသူများ အတွက် ပညာသင်ကြားရာ၌ များစွာ အထောက်အကူပြုလာ ။

နေပြည်တော် တပ်ကုန်း အခြေခံပညာအလယ်တန်းကျောင်း (ညောင်လွန့်)ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

နေပြည်တော်တပ်ကုန်းရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)



● ရွှေဖုံးမှ

မြန်မာ့အလင်းသတင်းအဖွဲ့သည် နေပြည်တော်တပ်ကုန်းသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားရန် တစ်ခေါက်တစ်ခါ အရောက်လာခဲ့ပေပြီ။ လမ်းတစ်လျှောက် တမာပင်တန်းများ၊ ထန်းပင်၊ ထန်းတောများ တွေ့ရသည်မှာ အညာဒေသ၏ အရိပ်အငွေ့များ စတင်တွေ့ရသည့် မြို့ဟုဆိုနိုင်သည်။

ထူးထူးခြားခြား

ဤသို့ လွမ်းမောသာယာဖွယ် ကောင်းလှသည့် နေပြည်တော်တပ်ကုန်း၏ ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာသော မြင်ကွင်းများကတော့ ပညာရေး ကျောင်းများပင် ဖြစ်သည်။ အခြေခံပညာရေးကျောင်းများ တိုးတက် ပြောင်းလဲခဲ့ပေပြီ။

လေ့လာခွင့်

သတင်းအဖွဲ့သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်၏ စီစဉ်ပေးမှုဖြင့် အဆိုပါ ပညာရေးကျောင်းများသို့ သွားရောက် လေ့လာခွင့် ရခဲ့သည်။

ရှေးဦးစွာ အခြေခံပညာအမှတ်(၁) အထက်တန်းကျောင်းသို့ ရောက်ခဲ့သည်။ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းက ကျောင်း၏တိုးတက်ပြောင်းလဲလာမှုများနှင့် စပ်လျဉ်း၍ မြန်မာ့အလင်းသို့ ရှင်းပြသည်။ "ကျွန်တော်တို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ၃၄၁၅ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ဆရာ ဆရာမကတော့ ၁၁၇ဦးပါ။ စာသင်ခန်းကတော့ ၅၅ခန်း ရှိပါတယ်။ နေပြည်တော်မှာ ဒီကျောင်းက ကျောင်းသားအများဆုံး ကျောင်းလည်း ဖြစ်ပါတယ်။ ကျောင်းသားများတာနဲ့အညီ နိုင်ငံတော်နဲ့ အလှူရှင်တွေ လှူဒါန်းတဲ့ ကျောင်းဆောင်သစ်တွေကိုလည်း တိုးချဲ့ဆောက်လုပ်ထားပါပြီ။ ၂၀၀၇ ခုနှစ်က ဒီကျောင်းရဲ့ ရွှေရတုနှစ်ပါ။ ဒီနှစ် ရွှေရတုကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ရဲ့ပံ့ပိုးမှုနဲ့ ကျောင်းသား ကျောင်းသူဟောင်းများက ဦးစီးပြီး အလျား ၁၄၀၊အနံ ၃၀ရှိတဲ့ နှစ်ထပ် ကျောင်းဆောင်ကြီးကိုလည်း ဆောက်လုပ်ထားပါတယ်။ ဒါ့အပြင် မက်(စ်)မြန်မာ ကုမ္ပဏီဝန်ထမ်းတွေ ဆောက်လုပ်လှူဒါန်းတဲ့ တစ်ထပ် လေးခန်းတွဲ ကျောင်းဆောင်မှာလည်း ပြီးစီးနေပါပြီ။ ကျောင်းဆောင်သစ်တွေ ဆောက်လုပ်ပေးနိုင်တာကြောင့် ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားရေးမှာ များစွာ အထောက်အကူ ပြုနိုင်ပါတယ်"ဟု ဦးဇော်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အထက(၂)

ဆက်လက်၍ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့လည်း ရောက်ခဲ့သည်။ ကျောင်းများမှာ တစ်ထပ်ဆောင်များဖြစ်သည်။ ကျောင်းဝင်း အတွင်း ကျောင်းဆောင်သစ်သုံးဆောင် တွေ့ရသည်။

"ကျွန်တော်တို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှာ ကျောင်းသားကျောင်းသူ ၃၀၀၀ခန့် ရှိပါတယ်။ မန္တလေးတိုင်းမှာ အလယ်တန်း ကျောင်းသားအများဆုံး ကျောင်းလို့လည်း ပြောနိုင်ပါတယ်။ ဒီကျောင်းက ပြီးခဲ့တဲ့နှစ်က တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရသူတွေလည်း ပေါ်ထွက်ခဲ့ပါတယ်။ ကျောင်းဆောင်သစ်တွေလည်း တိုးချဲ့ဆောက်လုပ်နေပါပြီ"ဟု ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးထွန်းကြည်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

တစ်ဖန် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း (ညောင်လွန့်)သို့လည်း ရောက်ခဲ့သည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းတင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ "ကျွန်မတို့ကျောင်းမှာ ကျောင်းသား ကျောင်းသူ ၁၁၉၀၊ ဆရာ ဆရာမ ၃၀ ရှိပါတယ်။ ဒီကျောင်းမှာတော့ ကျောင်းဆောင်သစ်နှစ်ဆောင် ဆောက်လုပ်ပြီးပါပြီ။ တစ်ဆောင်က ပြည်ထဲရေးဝန်ကြီးဌာနက လှူဒါန်းပြီး တစ်ဆောင်က မိဘပြည်သူတွေနှင့် ဌာနဆိုင်ရာတွေ ပူးပေါင်းလှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ကျောင်းဆောင်သစ်တွေ ဆောက်လုပ်ပေးနိုင်တာကြောင့် ကလေးတွေ ပညာရေးအတွက် အလွန်ကောင်းမွန်လှပါတယ်"ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းတင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

မကျီးပင်

ထိုမှတစ်ဆင့် မကျီးပင်အလယ်တန်းကျောင်းခွဲသို့လည်း ရောက်ခဲ့သည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်လှိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ "ကျွန်မတို့ နှစ်ထပ်အာရ်စီကျောင်းဆောင်သစ်ကြီးကို ၂၀၀၈ခုနှစ် မေလက Diamond Star ကုမ္ပဏီက ဆောက်လုပ်လှူဒါန်း ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီ့အရင်က ပြည်ထဲရေးဝန်ကြီးဌာနမှ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းပေးခဲ့ပါတယ်။ ဒီကျောင်းမှာ ကျောင်းသား ကျောင်းသူ ၇၈၄ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ကျောင်းဆောင်သစ်တွေ တိုးလာတာကြောင့် ကလေးတွေရဲ့ အနာဂတ်ပညာရေးအတွက် များစွာ အထောက်အကူပြုပါတယ်"ဟုကျောင်းအုပ်ဆရာမကြီးက ပြောကြားသည်။

သို့ဖြစ်၍ နေပြည်တော်တပ်ကုန်းသည် အဘက်ဘက်မှ တိုးတက်ပြောင်းလဲလာခဲ့ရာတွင် ပညာရေးအဆောက်အအုံများ ထူးထူးခြားခြား တိုးတက်သစ်လွင်လာသဖြင့် ဒေသရှိ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ကြားရာ၌ များစွာ အထောက်အကူပြုလာပြီ ဖြစ်ပါကြောင်း ကွင်းဆင်းစေ့ငု ရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၁၇

ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး သစ်လုပ်ငန်းဓမ္မာရုံ၌ လာမည့်ဒီဇင်ဘာ ၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ သက်ကြီးများစာရင်းနှင့် ဂုဏ်ထူးရကျောင်းသားများ စာရင်းကို အသင်းတိုက်တည်ရာ အမှတ်(၂၀၃) ၃၇လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့နှင့် ဖုန်း-၃၈၃၅၄၂နှင့် ၀၄၆-၄၀၃၀၀၀တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်များ ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ စီစဉ်မှုဖြင့် ပြည်တွင်းအခွန်ဦးစီးဌာန၏ ကြေညာလွှာနှင့် ကိုယ်တိုင်အခွန်စည်းကြပ်မှုစနစ် ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို နိုဝင်ဘာ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံလမ်း အမှတ် ၁/၁၉ ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အထက(၂)သန်လျင် မြတ်ဆရာပူဇော်မည်

အထက(၂)သန်လျင်(ယခင်မက်သဒစ်အထက်တန်းကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၀-၁၅၀၂၁ သို့ ဆက်သွယ်၍ လှူဒါန်းနိုင်သည်။

သူနာပြုနှင့်သက်ကြီးရွယ်အို စောင့်ရှောက်မှု သင်တန်းဖွင့်မည်

နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ အခြေခံသူနာပြုနှင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှုသင်တန်းကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ဒီဇင်ဘာ ၂၆ရက် နောက်ဆုံးထားပြီး ရိပ်သာဘိုးဘွားဆေးရုံတွင် လျှောက်လွှာပုံစံရယူလျှောက်ထားနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၆၁၉၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အထက(၂)ဒဂုံ မြတ်ဆရာပူဇော်မည်

အထ(၂)ဒဂုံ (မြို့မ) ကျောင်းသားကျောင်းသူများ၏ (၂၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၂၂ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ရန် နှိုးဆော်ထားသည်။

ဓာတ်ပုံအနုပညာပြပွဲ လာရောက်ကြည့်ရှုခံစားနိုင်

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ (၅၉)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဓာတ်ပုံအနုပညာပြပွဲကို နိုဝင်ဘာ ၂၁ရက်မှ ၂၃ရက်အထိ ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ဓာတ်ပုံဝါသနာရှင်များ လာရောက်ကြည့်ရှုခံစားနိုင်ကြသည်။

ကျန်းမာရေးမှူးအသင်း ညီလာခံကျင်းပမည်

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ နဝမအကြိမ်ညီလာခံကို နိုဝင်ဘာ ၂၁ရက်မှ ၂၂ရက်အထိ ရန်ကုန်မြို့ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ပြီး မြို့နယ်၊ ခရိုင်နှင့် တိုင်းနှင့်ပြည်နယ်အသင်းခွဲများမှ ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များသည် နိုဝင်ဘာ ၂၀ရက်နောက်ဆုံးထား၍ ရန်ကုန်မြို့ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမရှိ ညီလာခံကျင်းပရေးဦးစီးကော်မတီရုံးသို့ သတင်းပို့ရန် နှိုးဆော်ထားသည်။

ကနောင်အသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

ကနောင်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို လာမည့်ဒီဇင်ဘာ ၁၂ရက်တွင် ယခင်နှစ် နေရာ၌ကျင်းပရန်စီစဉ်ထားပြီး ဖုန်း-၂၉၂၂၁၃၊ ၀၉-၅၁-၂၁၀၂၈နှင့် ၀၉-၅၁-၈၇၇၈၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အဝလွန်ရောဂါသိကောင်းစရာ ဟောပြောမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ နိုဝင်ဘာ ၂၁ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် အဝလွန်ရောဂါအကြောင်းခေါင်းစဉ်ဖြင့် ဒေါက်တာခင်မောင်လွင်က ဟောပြောမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်သည်။

ယခုအပတ်သောကြာ ဟာသဇာတ်ကားသစ်ရုံတင်မည်

နိုဝင်ဘာ၂၀ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ သမ္မတ၊ သွင်နှင့်မင်္ဂလာရုံများ၌ မာမီရှိန်း ဟာသရုပ်ရှင်ဇာတ်ကားသစ်ရုံတင်မည်ဖြစ်ရာ ဒါရိုက်တာညီညီထွန်းလွင်ရိုက်ကူးပြီး ရန်အောင်၊ နေတိုးနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။ ။

(မြန်မာ့အလင်း)

စုစည်းတင်ပြသူ - ဝင်းကျော်

■ *ရှေ့ဖုံးမှ*

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ကန့်ဒေါင့်ရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပုလဲမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ ဆက်လက်၍ တိုင်းမှူးက ကန့်ဒေါင့်ရေလှောင်တမံ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ကန့်ဒေါင့်ရေလှောင်တမံ မော်ကွန်း ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ဆက်လက်၍ ကန့်ဒေါင့်ရေလှောင်တမံအား တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် မင်္ဂလာမုခ်ဦးရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီးနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ကန့်ဒေါင့်ရေလှောင်တမံ၏ ပင်မတမံရေထိန်းမျှော်စင်၊ ရေထိန်းတံခါး၊ ရေပိုလွှဲတို့နှင့်ဆည်အတွင်း ရေဝင်ရောက်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့်အတူ ကန့်ဒေါင့်ရေလှောင်တမံ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဆည်ကန်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ကန့်ဒေါင့်ရေလှောင်တမံတည်ဆောက်မှုလုပ်ငန်းအဆင့်ဆင့်၏ မှတ်တမ်းတင်ထားရှိမှုများနှင့် ရေလှောင်တမံ၏ အကျိုးပြုမှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ မှာကြားသည်။

စိမ်းလန်းစိုပြည်ရေး

ကန့်ဒေါင့်ရေလှောင်တမံသည် နိုင်ငံတော်၏ (၂၂၈)ခုမြောက်၊ စစ်ကိုင်းတိုင်း၏ (၂၅)ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ကန့်ဒေါင့်ရွာအနီး ကျောက်ဖြုတ်ချောင်းပေါ်၌ တမံအမြင့် ၇၉ပေ၊ အလျားပေ ၁၈၀၀၊ ရေဇကပေ ၆၀၀ သိုလှောင်နိုင်သည့် မြေသားတမံအမျိုးအစားဖြစ်သည်။ ကန့်ဒေါင့်ရေလှောင်တမံကို တည်ဆောက်ပေးခြင်းကြောင့် ပုလဲမြို့နယ်အတွင်း လယ်မြေဧရိယာ ဧက ၂၀၀ခန့် ရေပေးဝေနိုင်မည်ဖြစ်ပြီး ဒေသနေပြည်သူများအတွက် စိုက်ပျိုးရေ၊ သောက်သုံးရေရရှိရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့ကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများအား ညောင်ဦးမြို့နယ်၌ ထောက်ပံ့ကြေးပေးအပ်

ညောင်ဦး နိုဝင်ဘာ ၁၇

အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ညောင်ဦးမြို့ စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီခန်းမ၌ နိုဝင်ဘာ ၁၄ရက်က ကျင်းပသည်။

ချီးမြှင့်ထောက်ပံ့

ရှေးဦးစွာ ညောင်ဦးမြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)က ၂၀၀၉ခုနှစ် နေပြည်တော်တွင်ကျင်းပသည့် စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံအတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)နှင့် ညောင်ဦးမြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးမျိုးဆွေတို့က အသက်(၇၅)နှစ်နှင့်အထက် သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ လေးဦးတို့အား ချီးမြှင့်ထောက်ပံ့သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသည့် ညောင်ဦးမြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့မှ အဖွဲ့ဝင်များ၊ စည်းရုံးရေးမှူးများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အသက်(၇၅)နှစ်နှင့် အထက် သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့လေးဦး ကိုယ်စား တပ်ကြပ်ကြီးကျော်မျိုး(အငြိမ်းစား)က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ *(ခရိုင် ပြန်/ဆက်)*

ရွှေတောင်မြို့နယ် ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်စာစောင်နှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်း

ပြည် နိုဝင်ဘာ ၁၇

ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲကျေးရွာ လေးထပ်ရောင်ခြည် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ (အပေါ်ပုံ) ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်သည်။

လက်ခံရယူ

ရှေးဦးစွာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများထံသို့ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်က စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ် အလံများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က ရွှေတောင်မြို့နယ်အတွင်း ဖွင့်လှစ်ပြီးစာကြည့်တိုက် မြေယာမှတ်တမ်းနှင့် ဓာတ်ပုံများကိုလည်းကောင်း ပေးအပ်သည်။ ထို့နောက် ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်က စာအုပ်စာစောင်မျိုးစုံ အုပ် ၁၀၀၊ ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်က စာအုပ် ၅၀ နှင့် မန္တလေးမြို့ ဇေရက် ဆန်နှင့် ပဲမျိုးစုံ ရောင်းဝယ်ရေး လုပ်ငန်းကိုယ်စား ဦးခင်မောင်သန်းက စာကြည့်တိုက် ငွေပဒေသာပင်ငွေကျပ်တစ်သိန်း စိုက်ထူလှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်၊ ရွှေတောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးရန်နိုင်မြင့်နှင့် အလှူရှင်ကိုယ်စား ဦးခင်အောင်သန်းတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများသည် စာကြည့်တိုက်အတွင်းသို့ ဝင်ရောက်ကြည့်ရှု စစ်ဆေးသည်။ အဆိုပါ စာကြည့်တိုက်ကို မန္တလေးမြို့ ကျွဲဆည်ကန်ရပ်နေ ဇေရက် ဆန်နှင့် ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးလှမြင့်(ခ)ဦးချိုတူးနှင့် ညီအစ်ကိုများက ငွေကျပ် ၃၂ သိန်း မတည်ဆောက်လုပ် လှူဒါန်းကြောင်းသိရသည်။

(တိုင်း ပြန်/ဆက်)

မြေယာရှူခင်းအလှ

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြေယာရှူခင်းအလှ ဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်အမှုဆောင်အရာရှိ ဦးဌေးလှိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ရေကြောင်းသတိပေးချက် ကြေညာထား

နေပြည်တော် နိုဝင်ဘာ ၁၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရတနာ-ရန်ကုန် ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေးစီမံကိန်းအတွက် ၂၄လက်မ ပိုက်လိုင်းခင်းခြင်းလုပ်ငန်းများကို ပိုက်လိုင်းသွယ်တန်းမည့် သင်္ဘောကြီးနှင့် အထောက်အကူပြုသင်္ဘောများဖြင့် ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၂၀၁၀ခုနှစ် မေ ၃၁ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

တည်နေရာများ

ပိုက်လိုင်းခင်းခြင်းလုပ်ငန်း တိုင်းတာဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက် တည်နေရာများမှာ Point Yadana Platform မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၀၇မိနစ် ၂၃ဒသမ ၉၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၄၆မိနစ် ၅၅ဒသမ ၆၄စက္ကန့်၊ Point TP6 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၀မိနစ် ၃၀ဒသမ ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၂၃မိနစ် ၀၀ဒသမ ၀၀စက္ကန့်၊ Point TP5 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၂၆မိနစ် ၃၀ဒသမ ၀၀စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၃၁မိနစ် ၃၀ဒသမ ၀၀စက္ကန့်၊ Point TP4 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၁မိနစ် ၃၀ဒသမ ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၃၆မိနစ် ၀၀ဒသမ ၀၀စက္ကန့်၊ Point TP3 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၈မိနစ် ၅၀ဒသမ ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၄၃မိနစ် ၃၀ဒသမ ၀၀စက္ကန့်၊ Point TP2A မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၄၇မိနစ် ၀၀ဒသမ ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၄၂မိနစ် ၀၀ဒသမ ၀၀စက္ကန့် ၊Point TP1 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၅၁မိနစ် ၃၇ဒသမ ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၃၈မိနစ် ၅၀ဒသမ ၀၀စက္ကန့်နှင့် Point Landfall မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၅၄မိနစ် ၀၅ဒသမ ၂၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၃၆မိနစ် ၅၄ဒသမ ၀၀စက္ကန့် အထိ ဖြစ်သည်။

လုပ်ငန်းကြန့်ကြာမှုမဖြစ်စေရေး

သို့ဖြစ်၍ ရတနာ-ရန်ကုန်ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး စီမံကိန်းအတွက် ပိုက်လိုင်းခင်းခြင်း လုပ်ငန်းများကို ပိုက်လိုင်းသွယ်တန်းမည့် သင်္ဘောကြီးနှင့် အထောက်အကူပြုသင်္ဘောများဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လမ်းကြောင်း ဧရိယာတစ်လျှောက်မှ ၄ကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး သင်္ဘောငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများနှင့် ငါးဖမ်းကိရိယာများ၏ အထောက်အကူပြုပစ္စည်းများ (ဝါးပိုးဝါးများသွယ်တန်း စိုက်ထားခြင်း)ချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေလီမြစ်ဖျားမှ မူဆယ်မြို့သို့ လေ့လာရေးခရီးတစ်ခေါက်

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံမှတ်တမ်း - တင်ထွေး
(သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၁၇

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မြို့နယ်များသို့ သတင်းဆောင်းပါးရေးသားရန် လေ့လာရေးခရီးထွက်ဖြစ်ခဲ့ရာ ရွှေလီမြစ်ဖျားမှ မူဆယ်မြို့လည်း အပါအဝင်ဖြစ်သည်။ မူဆယ်မြို့သို့အသွားတွင် ကွတ်ခိုင်မြို့သို့ ခေတ္တဝင်ရောက်လေ့လာဖြစ်ခဲ့ရာ မူဆယ်မြို့သို့ ရောက်သောအခါ နေဝင်စပြုနေလေပြီ။

မူဆယ်မြို့ရှိ တရုတ်-မြန်မာနယ်စပ်ဂိတ်တစ်ခုဖြစ်သော ရွှေနန်းတော်ဂိတ်အနီးရှိ နယ်နိမိတ်ကျောက်တိုင်တွင် အမှတ်တရ ဓာတ်ပုံရိုက်နေကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

အထူးစည်ကား

မူဆယ်မြို့သည် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်မြို့ ဖြစ်သည့်အပြင် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တည်ရှိသောကြောင့် စီးပွားရေးကောင်းမွန်ပြီး ခရီးသည်အဝင်အထွက် အသွားအလာများပြားသည်။ မူဆယ်မြို့၏ ညချမ်းကား မီးရောင်စုံများ ထိန်လင်းသော မြို့တွင်းလမ်းများပေါ်၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဥဒဟိုသွားလာလျက်ရှိပြီး ဈေးရောင်း၊ ဈေးဝယ်များဖြင့် အထူးစည်ကားလှသည်။

ပိုင်းခြားထား

ရွှေလီမြစ်ကမ်းနဖူး၌ တည်ဆောက်ထားသောဧည့်ရိပ်သာမှ လှမ်းမျှော်ကြည့်လိုက်သောအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်ခြမ်းရှိ ကြယ်ဂေါင်နှင့်ရွှေလီမြို့တို့မှ တိုက်တာအဆောက်အအုံများကို ထိုးထိုးထောင်ထောင် မြင်ရလေသည်။ ရွှေလီမြစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်မြန်မာနိုင်ငံကို ပိုင်းခြားထားပြီး မူဆယ်မြို့၏အထက် တစ်မိုင်ခန့်အကွာတွင် တရုတ်နိုင်ငံ ရွှေလီမြို့ထဲသို့ ဝင်သွားသည်ဟု သိရသည်။

အားရစရာကောင်းလှ

မူဆယ်မြို့သို့ရောက်ရှိပြီးနောက်နေ့တွင် မူဆယ်မြို့နယ် တိန်းလုံကျေးရွာရှိတောင်သူဦးထွန်းရွှေ၏ ဆင်းရွှေလီမိုးစပါး စံပြဧက ၅၀ စိုက်ကွင်း၌ လယ်ယာသုံးစက်ကိရိယာဖြင့် မိုးစပါးရိတ်သိမ်းနေမှုကို သွားရောက်လေ့လာဖြစ်ခဲ့သည်။ မူဆယ် - ကွတ်ခိုင် - လားရှိုးလမ်း(ပြည်ထောင်စုလမ်းမကြီး)ဘေးရှိ ရင့်မှည့်ညိုမောင်းနေသောစပါးခင်းများကို နံနက်ခင်းနေခြည်အောက်တွင် တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည်မှာ အားရစရာကောင်းလှပါဘိ။

မူဆယ်မြို့နယ်တွင် မိုးစပါးကို ဧပြီလ၌ပင်စတင်စိုက်ပျိုးကြရာ အခြားဒေသများထက် ရိတ်သိမ်းချိန်ပိုစောသည်။ မူဆယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်ဟန်က ဒေသ၏ မျိုးဖြစ်သော ဆင်းရွှေလီစပါးမျိုးနှင့် တစ်ဧကအထွက်နှုန်းမိုးစပါး၊ နွေစပါးနှင့်ဒေသဝမ်းစာဖူလုံမှု၊ ထွန်ယက်သည်မှ ရိတ်သိမ်းသည်အထိ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုလုပ်ကိုင်ကြပုံများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောပြသည်။

ဗဟုသုတတိုးပွား

တောင်သူဦးထွန်းရွှေ၏ ဆင်းရွှေလီမိုးစပါး စံပြစိုက်ကွင်း၌ လယ်ယာသုံးစက်ကိရိယာဖြစ်သော ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့မှုကိုလက်တွေ့လေ့လာခွင့်ရရှိခဲ့ရာ ဗဟုသုတ တိုးပွားရသည်။ တံစဉ်ဖြင့် ရိတ်သိမ်းသည်ထက် စက်ကိရိယာဖြင့်ရိတ်သိမ်းခြင်းက အချိန်ကုန်သက်သာပြီး အလေအလွင့်နည်းပါးကာ အမိုးအကာအောက်သို့ အမြန်ဆုံး ပို့ဆောင်နိုင်လေသည်။ မူဆယ်မြို့နယ်တွင် စပါးအပါအဝင် သီးနှံများ စိုက်ပျိုးကြရာ၌ ကျွဲ၊ နွားကို အသုံးပြုခြင်းမရှိတော့ဘဲ လယ်ယာသုံးစက်ကိရိယာများဖြင့်သာ လုပ်ကိုင်နေကြသည်ကို အားကျဖွယ်မြင်တွေ့သိရှိခဲ့ရသည်။

မူဆယ်မြို့နယ်၏ မိုးစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို မူဆယ်မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ဟန်က ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

စားသုံးသီးနှံစိုက်ပျိုး

မူဆယ်မြို့နယ်တွင် စပါးအပြင် အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ပဲပုပ်၊ မြေပဲ၊ နှမ်း၊ နေကြာ၊ သစ်ဆိမ့်၊ ချက်ကြိုး၊ တန်ဘီး၊ လက်ဖက်၊ ကော်ဖီ၊ ငရုတ်၊ ပီလောပီနံ၊ ငှက်ပျော၊ သစ်သီးပင်နှင့် အထွေထွေစားသုံးသီးနှံများကို စိုက်ပျိုးသည်။ နှစ်ရှည်သီးနှံများအဖြစ် ရော်ဘာ၊ သရက်၊ သံပရာ၊ လိမ္မော်၊ ကျွဲကော၊ နာနတ်၊ ဩဇာ၊ လိုက်ချီး၊ သစ်တော်၊ မက်မန်း၊ သစ်ကြား၊ ဆီးသီး(အချို)နှင့်သစ်အယ်တို့ကို စိုက်ပျိုးကြသည်။

ထိစပ်လျက်ရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းပါဝင်သော မူဆယ်မြို့နယ်သည် အရှေ့ဘက်နှင့်မြောက်ဘက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အနောက်ဘက်တွင် နမ့်ခမ်းမြို့နယ်၊ တောင်ဘက်တွင်ကွတ်ခိုင်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ မူဆယ်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၇၀၀ တွင်တည်ရှိသည်။

မူဆယ်မြို့နယ် တိန်းလုံကျေးရွာရှိ တောင်သူဦးထွန်းရွှေ၏ ဆင်းရွှေလီမိုးစပါးစံပြဧက ၅၀ စိုက်ကွင်း၌ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးရိတ်သိမ်းနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

မုတ်သုံဥတု

မူဆယ်မြို့နယ်၏ ရာသီဥတုမှာ မုတ်သုံရာသီဥတုရရှိပြီး နွေရာသီတွင် ပူပြင်းခြောက်သွေ့ကာ အမြင့်ဆုံးအပူချိန် ၈၅ ဒီဂရီဖာရင်ဟိုက်နှင့် ၉၀ ဒီဂရီဖာရင်ဟိုက်အထိ ရှိသည်။ မိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းတတ်ပြီး တစ်နှစ်ပတ်လုံး ပျမ်းမျှမိုးရေချိန်မှာ ၅၈ ဒသမ ၅၄ လက်မခန့် ရှိသည်။ ဆောင်းရာသီတွင် အအေးပြင်းထန်ပြီး အနိမ့်ဆုံး အပူချိန်မှာ ၄၅ ဒီဂရီဖာရင်ဟိုက်အထိ ရှိသည်။

ရတနာတန်းဝင်

မူဆယ်မြို့နယ်အတွင်း ရွှေလီမြစ်၊ မုံးကိုးချောင်း၊ မန့်ဟိုင်း(တီးမ)ချောင်းနှင့်နမ့်ပေါ်ချောင်းတို့စီးဆင်းရာ ဒေသ၏ ရေအရင်းအမြစ်များပင်ဖြစ်သည်။ သဘာဝပေါက်ပင်များအနေဖြင့် ရတနာတန်းဝင် သစ်ပင်များပေါက်ရောက်ခြင်းမရှိဘဲ သစ်ယား၊ သစ်နီ၊ ရေနဲ၊ ထင်းရှူး၊ ချယ်ရီ၊ လက်ပံနှင့် ချုပင်များသာ ပေါက်ရောက်သည်။ မူဆယ်မြို့နယ်အတွင်း ချေ၊ ဆတ်၊ စပါးကြီး၊ စပါးအုံးနှင့် မြွေစိမ်းများ၊ ကျား၊ တောဝက်၊ မျောက်၊ မြေခွေး၊ တောခွေး၊ တောကြောင်၊ ရှဉ့်၊ ကြက်တူရွေး၊ ဟင်္သာ၊ ရေဘဲ၊ ဗျိုင်း၊ ကျီးကန်း၊ ဥဩ၊ ဇီးကွက် အစရှိသော တိရစ္ဆာန်များကို တွေ့ရှိရသည်။

ထင်ရှားစည်ကား

မူဆယ်မြို့တွင် ရွှေလီရတနာရိပ်သာ၊ ရွှေသမင်ဘုန်းတော်ကြီးကျောင်း (တောင်ကျောင်း)၊ မြို့တော်ခန်းမ၊ ရွှေနန်းတော်ခရီးသွားအဆောက်အအုံ၊ မြို့လယ်နာရီစင်၊ အမှတ်(၁) စည်ပင်သာယာရေးဈေးနှင့် ဆင်ဖြူရှင်ဈေးတို့မှာ ထင်ရှားသော အဆောက်အအုံများဖြစ်သည်။ ထင်ရှားပြီးလူစည်ကားသောနေရာများမှာ စည်ပင်သာယာဈေးအမှတ်(၁)နှင့် (၂)၊ ရွှေသမင်ဘုန်းတော်ကြီးကျောင်းနှင့် ရွှေနန်းတော်စတားခရီးသွား၊ လွယ်တိန်ခမ်းစေတီတော်၊ စောမွန်လှစေတီတော် (အိမ်တော်ရာ)၊ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်သို့ ဝင်ပေါက်များဖြစ်သည်။ တရုတ် - မြန်မာ နယ်စပ်ဝင်ပေါက် ထွက်ပေါက်သုံးခုရှိရာ မန်းဝိန်းဂိတ်(ကုန်စည်ဝင်ပေါက်)၊ မူဆယ်မြို့ ရွှေနန်းတော် ဂိတ်နှင့် နယ်စပ်ဂိတ်(တရုတ်-မြန်မာ)တို့ဖြစ်သည်။

ဖွဲ့စည်းထား

မူဆယ်မြို့နယ်သည် အရှေ့နှင့်အနောက်အလျား ၅၂မိုင်၊ တောင်နှင့်မြောက်အလျား ၂၆မိုင် စုစုပေါင်း ၅၈၀ ဒသမ ၅၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ မူဆယ်မြို့နယ်ကို ရပ်ကွက် ၁၉ ခု၊ ကျေးရွာအုပ်စု ၆၁ အုပ်စု၊ ကျေးရွာပေါင်း ၂၈၁ ရွာဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ စုစုပေါင်း ၁၂၇၉၈၆ ဦး နေထိုင်ကြသည်။

မူဆယ်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော ဆည် ၁၉၃ ရှိသည်။ မြို့ချင်းဆက်လမ်းများအဖြစ် လားရှိုး - မူဆယ် (ကတ္တရာလမ်း) ၁၁၂ မိုင်၊ မူဆယ်-နမ့်ခမ်း(ကတ္တရာလမ်း) ၁၉ မိုင်တို့ဖြစ်သည်။ မြို့နယ်နှင့် ကျေးရွာချင်းဆက်လမ်းများအဖြစ် မူဆယ်-မိုင်းယု (ကတ္တရာလမ်း) ငါးမိုင်၊ မူဆယ်-ကြူကုတ် (ကတ္တရာလမ်း) ၁၈ မိုင်၊ မူဆယ် - စယ်လန့် (ကတ္တရာလမ်း) ခုနစ်မိုင်တို့ ဖြစ်သည်။ မြို့တွင်းတံတား သုံးစင်း၊ ကျေးလက်တံတား ၃၄ စင်းရှိပြီး နယ်နိမိတ်ကျောက်တိုင် ၆၂ တိုင်ရှိသည်။

ပညာရေး

မူဆယ်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲနှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ သုံးကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ၁၂ကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်း ၄၄ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ကျန်းမာရေး

မူဆယ် မြို့နယ်အတွင်း ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံ၊ (၁၆) ခုတင်ဆံ့ ပြည်သူ့ဆေးရုံလေးရုံ၊ ခုခံအားကျဆင်းမှုရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးဌာနတစ်ခု၊ ပဏာမသွားနှင့်ခံတွင်းကျန်းမာရေးဌာနတစ်ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန သုံးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၁ခုနှင့် နယ်စပ်ဆေးပေးခန်းတစ်ခုတို့ ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

သောက်သုံးရေဖြန့်ဝေပေး

မူဆယ်မြို့ပေါ် ရပ်ကွက်များ သောက်သုံးရေရရှိရေးအတွက် မြို့ရေ

မူဆယ်မြို့အတွင်း လမ်းမကြီးတစ်နေရာ၌ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များဥဒဟိုသွားလာနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ (၆) အမှတ် (၂၂)

ရန်ကုန် နိုဝင်ဘာ ၁၇

ဖြိုဿာရာသီ၊ တန်ဆောင်မုန်းလ၏ ခဝဲပန်းများဖူးပွင့်ခြင်းနှင့်အတူ ကျေးလက်နေ ပြည်သူတို့အ
ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၆)
ပြီဖြစ်သည်။

စုံလင်စွာဖော်ပြထား

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ကမ္ဘာ့ဆန်ဈေးကွက်မှာ မြန်မာ့ဆန် မျက်နှာပန်း လှစေဖို့ ပင်
နှမ်းစိုက်ပါ၊ ဈေးကွက်ခိုင်မာသော ပြည်ပပို့ကုန်ဖရဲသီးများ အရည်အသွေးပြည့်မီစေရေး၊ ကိုယ်တ
စိုက်ပျိုးရေးဆောင်းပါးများ၊ အိမ်မွေးဝက်နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ၊ စစ်တွေလွင်ပြင်ဒေသ၌
သုံးများဝဖြိုးစေရန်၊ ရေထိုးငါး ရောင်းချမှုများ အရေးယူဆောင်ရွက်မည် စသည့် မွေးမြူရေးသတင်း၊
ဆေးလိပ်အန္တရာယ်၊ ဆေးဖက်ဝင်ရေသကျည်းပင်၊ အကျိတ်ကင်ဆာကုသနည်း၊ ကာဗွန်ဟိုက်ဒရိတ်ဓာ
စားခြင်း၏အကျိုးကျေးဇူး၊ ပဲအမျိုးမျိုး စွမ်းအားအသွယ်သွယ်၊ ခေါင်းတစ်ခြမ်း ကိုက်ခြင်းဝေဒနာ သ
သက်ကြီးရွယ်အိုများကို ဂရုစိုက်ပါ၊ ကူသ၍ပျောက်ကင်းသည့် တီဘီရောဂါ စသည့် ကျန်းမ
ကျေးလက်စာကြည့်တိုက်များမှသည် ခေတ်မီစာကြည့်တိုက်များဆီသို့၊ ပညာခေတ်တွင် နိုင်ငံသစ် တည်
ရှေ့သို့ချီ၊ ယခင်နှင့်မတူ ဘက်စုံဖွံ့ဖြိုးစည်ပင်လာသော ရန်ကုန်တိုင်း စသည့် အသိပညာပေ
အစ္စရေးနိုင်ငံအကြောင်း သိကောင်းစရာ၊ အင်္ဂလန်တွင် ပြည်တွင်း နို့ထွက်ပစ္စည်းများ ရောင်းအားမြင့်တ
တရုတ် လယ်သမားများ၏ဝင်ငွေ ဆက်လက်မြင့်တက်ခဲ့၊ ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်စပါး
နိုင်ငံတကာသတင်း၊ ဆောင်းပါးများ၊ အားကစားသတင်းများနှင့် သရုပ်ဆောင်နှင့် အဆိုတော်အလုပ်
ပိုင်းစုခိုင်သိန်းနှင့် တွေ့ဆုံခြင်း၊ ညောင်ပင်တစ္ဆေ ဝေလေလေအခန်း ဆက်ဝတ္ထုရှည်တို့အပြင် က
မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။

ဝယ်ယူနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီ
စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။
ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထော
၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

ွး

င်းဆက်
မူဆယ်
မူဆယ်-
င်တို့ဖြစ်
င်းဆက်
မိုင်းယု
မူဆယ်-
၈ မိုင်၊
ာလမ်း)
းတံတား
၄ စင်းရှိ
၂ တိုင်ရှိ

ခွဲခံပညာ
ကျောင်း၊
င်းခွဲနှစ်
ယ်တန်း
ခွဲခံပညာ
ကျောင်း၊
ကျောင်း
လတန်း
ပင်ကြား

ခုတင်
ရုံ၊ (၁၆)
ရုံ၊ ခုခံ
လသား
ပဏာမ

သွားနှင့်ခံတွင်းကျန်းမာရေးဌာနတစ်ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန သုံးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၁ခုနှင့် နယ်စပ်ဆေးပေးခန်းတစ်ခုတို့ ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

သောက်သုံးရေဖြန့်ဝေပေး

မူဆယ်မြို့ပေါ် ရပ်ကွက်များ သောက်သုံးရေရရှိရေးအတွက် မြို့ရေပေးရေးကုန်း(ရေကန်တောင်)မှ တစ်နေ့လျှင် ၂၄နာရီ ရေဖြန့်ဝေပေးလျက်ရှိသည်။ မူဆယ်မြို့မှ လေးမိုင်အကွာ သဘာဝစိမ့်စမ်းရေထွက်မှ တစ်ဆင့် ၁၂ လက်မအချင်းရှိ သံကူကွန်ကရစ်ပိုက်ဖြင့်သွယ်တန်းကာ ရေကန်တောင်ပေါ်ရှိ ရေလှောင်ကန်သို့ ရေသွယ်ယူခြင်းဖြစ်သည်။ ရေကန်တောင်မှ ရေလှောင်၊ ရေဖြန့်ဝေကန်သည် ရေဂါလန် ၁၀သိန်းဆံ့သည်။ ရေသန့်စင်မှု ရှိရေးအတွက် ဆေးခတ်ကန်အတွင်း၌ လေသလပ်ခံပြီး ကလိုရင်းခတ်၍ သန့်ရှင်းသော ရေများကို ဖြန့်ဝေပေးသည်။

မူဆယ်မြို့ရှိ တရုတ်-မြန်မာနယ်စပ်ဂိတ်တစ်ခုဖြစ်သော မန်းဝိန်းဂိတ်(ကုန်စည်ဝင်ပေါက်)၌ ကုန်တင်ယာဉ်များ ဖြတ်သန်းရန်စောင့်ဆိုင်းနေကြသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်

မူ=စည်ကားသော၊ စယ်=မြို့၊ မူစယ်=စည်ကားသောမြို့ဟုအဓိပ္ပာယ်ရသည်။ နောင်တွင် "မူစယ်မှ" "မူဆယ်" ဟု ပြောင်းလဲ ခေါ်တွင်လာခြင်းဖြစ်သည်။ ယခုအခါ မူလအဓိပ္ပာယ်အတိုင်း အမှန်တကယ် စည်ကားသော မြို့ကြီးတစ်မြို့ ဖြစ်နေလေသည်။ မူဆယ်မြို့သည် မြန်မာနိုင်ငံ၏နယ်စပ်မြို့များအနက် ကုန်သွယ်မှုပမာဏအများဆုံးမြို့ ဖြစ်သကဲ့သို့ ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်လျက်ရှိကြောင်းတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မူဆယ်မြို့အတွင်း လမ်းမကြီးတစ်နေရာ၌ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များဥဒဟိုသွားလာနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

မူဆယ်မြို့ရှိ တရုတ်-မြန်မာနယ်စပ်ဂိတ်တစ်ခုဖြစ်သော ရွှေနန်းတော်ဂိတ်အနီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးရှေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ဝင်ရောက်လာကြသော ခရီးသွားများကို တွေ့ရစဉ်။ (သတင်းစဉ်)

မူဆယ်မြို့၏ညချမ်းကား မီးရောင်စုံများ ထိန်လင်းသော မြို့တွင်းလမ်းများပေါ်၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဥဒဟိုသွားလာလျက်ရှိပြီး ဈေးရောင်း၊ ဈေးဝယ်များဖြင့် အထူးစည်ကားလှ။

နိုဝင်ဘာ ၁၃ရက်က မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးများအလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများ တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို ရန်ကင်းမြို့နယ် အလက(၁) ကျောင်းခန်းမ၌ ကျင်းပရာ ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစိန်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကင်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်သောင်း၊ ရန်ကင်းမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထွန်းသူရနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်မင်းတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောစဉ်။ (၁၇၀)

ပြန်/ဆက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဝန်ထမ်းများနှင့် တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ရန်ကုန်အနောက်ပိုင်းခရိုင် ဦးစီးအရာရှိဦးစန်းလွင်ဦးတို့နှင့်အတူ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်ရုံး စာဖတ်ခန်းမ၌ နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၂နာရီခွဲက မြို့နယ်ရုံး ဝန်ထမ်းများအား တွေ့ဆုံသည်။

(အောက်ပုံ)

ညွှန်ကြားရေးမှူး(စီမံ)က ဝန်ထမ်းများအား ဌာနလုပ်ငန်းများ အောင်မြင်ရေးအတွက် စေတနာထားပြီး အစွမ်းကုန်ကြိုးပမ်းဆောင် ရွက်သွားကြရန် တိုက်တွန်း ပြောကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ဘိုကလေးမြို့ အထက(၁) နဝမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၇

ဘိုကလေးမြို့ အထက(၁)မှ အငြိမ်းစားဆရာကြီး ဆရာမကြီးများအား နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ဘိုကလေးမြို့ အထက(၁)၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကန်တော့ခံစာရင်းဝင်ပြီးနှင့် မဝင်သေးသော သက်ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ တပည့်ဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် မိမိတို့လိပ်စာများကို ကြိုတင်ပေးပို့လျက် ဆက်သွယ်လှူဒါန်းလိုပါက ဦးကျော်မြင့် ဖုန်း-၀၉-၉၉-၇၃၉၆၄၊ ဦးအုန်းမော် ဖုန်း-၀၁-၂၁၂၅၀၈၊ ဦးလှသန်းဦး ဖုန်း-၀၉-၈၅-၉၅၁၁၉၊ ဒေါ်ခင်သန်းအေး ဖုန်း-၀၄၅-၄၅၃၈၈နှင့် ဦးတင်မောင်ပြုံး ဖုန်း-၀၉-၈၅-၉၅၆၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ကျေးရွာဂျာနယ် အတွဲ (၆) အမှတ် (၂၂) ထွက်ပြီ

ရန်ကုန် နိုဝင်ဘာ ၁၇

င်မုန်းလ၏ ခဝဲပန်းများဖူးပွင့်ခြင်းနှင့်အတူ ကျေးလက်နေ ပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၂၂)ကို ထုတ်ဝေလိုက်

စုံလင်စွာဖော်ပြထား

ျာနယ်တွင် ကမ္ဘာ့ဆန်ဈေးကွက်မှာ မြန်မာ့ဆန် မျက်နှာပန်း လှစေဖို့၊ ပင်ထောင်မြေပဲစိုက်ကြစို့၊ ဆီဖူလုံရန် သော ပြည်ပပို့ကုန်ဖရဲသီးများ အရည်အသွေးပြည့်မီစေရေး၊ ကိုယ်တိုင်စိုက်ပါ အာလူးကမ္ဘာ စသည့် အိမ်မွေးဝက်နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ၊ စစ်တွေလွင်ပြင်ဒေသ၌ ဒလီနို့စားနွားများမွေးမြူလာကြ း ရောင်းချမှုများ အရေးယူဆောင်ရွက်မည် စသည့် မွေးမြူရေးသတင်း၊ ဆောင်းပါးများ၊ အမျိုးသမီးများနှင့် ဝင်ရေသကျည်းပင်၊ အကျိတ်ကင်ဆာကုသနည်း၊ ကာဗွန်ဟိုက်ဒရိတ်ဓာတ်ပါရှိသော ဟင်းသီးဟင်းရွက်များ အမျိုးမျိုး စွမ်းအားအသွယ်သွယ်၊ ခေါင်းတစ်ခြမ်း ကိုက်ခြင်းဝေဒနာ သက်သာစေရန်၊ အေးသောရာသီတွင် ုစိုက်ပါ၊ ကုသ၍ပျောက်ကင်းသည့် တီဘီရောဂါ စသည့် ကျန်းမာရေးသတင်း၊ ဆောင်းပါးများ၊ သည် ခေတ်မီစာကြည့်တိုက်များဆီသို့၊ ပညာခေတ်တွင် နိုင်ငံသစ် တည်ဆောက်မည်၊ ရည်မှန်းချက်နှင့်အညီ တက်စုံဖွံ့ဖြိုးစည်ပင်လာသော ရန်ကုန်တိုင်း စသည့် အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ ကာင်းစရာ၊ အင်္ဂလန်တွင် ပြည်တွင်း နို့ထွက်ပစ္စည်းများ ရောင်းအားမြင့်တင်ဆောင်ရွက်၊ ၂၀၀၉ခုနှစ်အတွင်း ါဝင်ငွေ ဆက်လက်မြင့်တက်ခဲ့၊ ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု စသည့် းပါးများ၊ အားကစားသတင်းများနှင့် သရုပ်ဆောင်နှင့် အဆိုတော်အလုပ်ကို ကြိုးစားပြီးလုပ်ဆောင်နေတဲ့ ၃င်း၊ ညောင်ပင်တစ္ဆေ ဝေလေလေအခန်း ဆက်ဝတ္ထုရှည်တို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဇာတ်၊ ှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။

ဝယ်ယူနိုင်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စ်စောင်လျှင် ငွေကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။
က် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ဉာဏ်ဝင်းဦးဆောင်မှုဖြင့် အရိုးကုန်းရပ်ကွက် ၁၄၄လမ်းနှင့် ၁၄၆လမ်းအတွင်းရှိ အိမ်ခြေ ၅၆အိမ် အိမ်ထောင်စု ၂၉၈ စုတို့တွင် သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်ဥက္ကဋ္ဌဦးမောင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ နိုဝင်ဘာ ၁၀ရက်က ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၇၁)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပညာရှာစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ တိုက်ကြီးမြို့နယ်တွင် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် သရက်ချောင်းစံပြကျေးရွာ၌ ပညာရှာ စာကြည့်တိုက်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးနေလင်း၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်တို့က စာကြည့်တိုက်အဆောက်အအုံကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ အဆိုပါ စာကြည့်တိုက်အတွက် ခရိုင် ဥက္ကဋ္ဌနှင့်ဇနီး ဒေါ်စိမ်းစိမ်းစိုးတို့က ငွေပဒေသာပင် ကျပ်ငါးသောင်းနှင့် စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာ ဥက္ကဋ္ဌ ဦးကျော်လေးက လက်ခံယူသည်။

ဆောက်လုပ်ခဲ့

အဆိုပါစာကြည့်တိုက်ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏ မတည်ငွေကျပ် ၁၀သိန်းနှင့် ကျေးရွာပြည်သူတို့၏ အလှူငွေတို့ဖြင့် စုစုပေါင်း ငွေကျပ် ၃၁သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

✻ ကျော်ဖုံးမှ

အာဆီယံလမ်းမကြီးများအား အင်္ဂလိပ်အက္ခရာ ‘AH’ ကို ရှေ့မှသတ်မှတ်ပြီး လမ်းနံပါတ်များကို နောက်မှ ပူးတွဲဖော်ပြပါသည်။ ဥပမာအားဖြင့် AH-1; AH-2; AH-110 စသည်ဖြင့် သတ်မှတ်ခဲ့ပါသည်။ မဲခေါင်ဒေသလမ်းမကြီးများအား အင်္ဂလိပ်အက္ခရာ ‘R’ စာလုံးကို ရှေ့မှသတ်မှတ်ပြီး လမ်းနံပါတ်များကို နောက်မှ ပူးတွဲဖော်ပြပါသည်။ ဥပမာအားဖြင့် R-3; R-4; R-7 စသည်ဖြင့် သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအပါအဝင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အာရှလမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများသည် တစ်ထပ်တည်းဖြစ်နေသော လမ်းမကြီးများပါဝင်နေသဖြင့် လမ်းသင်္ကေတတစ်ခုတည်းကို သတ်မှတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြပြီး အာရှလမ်းမကြီးနှင့် အာဆီယံလမ်းမကြီးများ၏ အင်္ဂလိပ်အက္ခရာကို ‘AH’ ဟု သတ်မှတ်ခဲ့သည့်နောက် ပူးတွဲပါလမ်းနံပါတ်များကို ဂဏန်းတစ်လုံး (one digit) နှင့် ဂဏန်းနှစ်လုံး (two digit) ပါ အာရှလမ်းမကြီးများ၏ နံပါတ်အတိုင်းသတ်မှတ်၍ ဂဏန်းသုံးလုံး (three digit) ပါ လမ်းများသည် အာဆီယံလမ်းမကြီးများ၏ နံပါတ်အတိုင်း သတ်မှတ်ရန် သဘောတူခဲ့ကြပါသည်။ သို့ပါ၍ အာရှလမ်းမကြီးအမှတ်(၁)နှင့် အာဆီယံလမ်းမကြီးအမှတ်(၁)တို့ကို အင်္ဂလိပ်အက္ခရာ ‘AH’ တစ်မျိုးတည်းသာ ဆက်လက်သတ်မှတ်ခြင်း ဖြစ်သည်ဟု သိရပါသည်။

သတ်မှတ်

မန္တလေး-လားရှိုး-မူဆယ်လမ်းအပိုင်းသည် ယခင်က အာရှလမ်းမကြီး အမှတ်(၁၄) ဖြစ်သကဲ့သို့ အာဆီယံလမ်းမကြီးအမှတ် (၁၁၀)လည်း ဖြစ်ခဲ့ပါသည်။ ယခုညှိနှိုင်းဆွေးနွေးပြီးနောက် ဂဏန်းနှစ်လုံး (two digit) ဖြစ်သည့် အာရှလမ်းမကြီးကို သတ်မှတ်ပြီး မန္တလေး-လားရှိုး-မူဆယ်လမ်းကို ‘AH-14’ အဖြစ် သတ်မှတ်ခဲ့ပါသည်။

အာရှလမ်းမကြီးများသည်လည်း အာဆီယံလမ်းမကြီးများကဲ့သို့ ကွန်ရက်လမ်းကြောင်းသတ်မှတ်ခြင်းနှင့် လမ်းနံပါတ်များသတ်မှတ်ခြင်း၊ လမ်းအင်္ဂါရပ်ဆိုင်ရာအချက်အလက်များသတ်မှတ်ခြင်း၊ အာရှလမ်းမကြီးများတွင် သတ်မှတ်ဖော်ပြရမည့် လမ်းညွှန်အမှတ်အသားများနှင့် ဆိုင်းဘုတ်များဆိုင်ရာအချက်အလက်များကို သတ်မှတ်ခြင်း စသည့် ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များ အဓိကပါဝင်ပါသည်။ အာရှလမ်းမကြီးများ၏ အဆင့်အတန်းနှင့် စံချိန်စံညွှန်းများ၊ သတ်မှတ်ချက်များသည် ယခင်ဆုံးဖြတ်ထားသော အာဆီယံလမ်းမကြီးများ၏ သတ်မှတ်ချက်များနှင့် ကွာခြားမှုအနည်းငယ်သာရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှလည်း အဆိုပါလမ်းမကြီးများ၏ လမ်းအင်္ဂါရပ်များကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

မြန်မာနိုင်ငံသည် ၂၃-၇-၁၉၉၇နေ့တွင် (အာဆီယံ)အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အဖွဲ့ဝင် (၁၀)နိုင်ငံများတွင် ဆက်သွယ်ထားသောလမ်းမကြီးများသည် အာဆီယံလမ်းမကြီးများ ဖြစ်သွားသဖြင့် မြန်မာနိုင်ငံ အာဆီယံသယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ခံ ဆောင်ရွက်လျက်ရှိပါသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အာဆီယံ စံနှုန်းများနှင့် လိုက်လျောညီထွေရှိမည့် ယာဉ်အလေးချိန်၊ အတိုင်းအတာသတ်မှတ်ချက်များနှင့် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းညွှန်အမှတ်အသားများ သတ်မှတ်ခြင်း စသည်တို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ၏ အာဆီယံ အဝေးပြေးလမ်းမကြီးများအပိုင်းကို တာဝန်ယူဆောင်ရွက်ရသည်ဟု ဆိုသည်။

တစ်ထပ်တည်းကျရောက်

မြန်မာနိုင်ငံနှင့် ပတ်ဝန်းကျင်နိုင်ငံများသို့ ဆက်သွယ်မည့်လမ်းမကြီးများကို လေ့လာကြည့်ပါက ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ ဆက်သွယ်လျက်ရှိသော အာရှ/အာဆီယံလမ်းမကြီး အမှတ်(၁)မြဝတီမှ တမူး၊ လမ်းမကြီးအမှတ်(၂) တာချီလိတ်မှ မိတ္ထီလာ၊ လမ်းကြီးအမှတ်(၃) ကျိုင်းတုံမှ မိုင်းလားနှင့် လမ်းမကြီးအမှတ်(၁၄) မန္တလေးမှ မူဆယ် စသည်တို့သည် အဓိကကျသော လမ်းမကြီးများဖြစ်ပြီး မြန်မာနိုင်ငံ၏ ပြည်ထောင်စုလမ်းမကြီးများနှင့်လည်း နေရာတော်တော်များများ တစ်ထပ်တည်းကျရောက်လျက်ရှိပါသည်။

ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်း (မဟာဗျူဟာလမ်း)ကို ဤသို့တွေ့ရသည်။ (ဆောက်လုပ်ရေး)

မြန်မာနိုင်ငံတွင်းရှိ အာရှ/ အာဆီယံလမ်းမကြီးများသည် သတ်မှတ်အဆင့်အတန်းနှင့် စံချိန်စံညွှန်းများ၊ လမ်းညွှန်အမှတ်အသားများနှင့် ဆိုင်းဘုတ်ဆိုင်ရာအချက်အလက်များ စသည့် လမ်းမကြီးများ၏အင်္ဂါရပ်များနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဖြတ်သန်းသွားလာအသုံးပြုမည့် ကုန်တင်ယာဉ်များသည်လည်း အလေးချိန်သတ်မှတ်ချက်၊ ဝင်ရိုးတစ်ခု၏ အများဆုံးအလေးချိန် သတ်မှတ်ချက်၊ အတိုင်းအတာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရမည် ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၀ပြည့်နှစ် နိုဝင်ဘာ ၁၇ရက်၌ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်-၈/၂၀၀၀)ဖြင့် လမ်းမကြီးများဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး လမ်းမကြီးများဥပဒေတွင် အခန်း(၆)ခန်း ပါရှိပါသည် -

- အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်
- အခန်း(၂) ရည်ရွယ်ချက်များ
- အခန်း(၃) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ
- အခန်း(၄) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ
- အခန်း(၅) ပြစ်မှုနှင့် ပြစ်ဒဏ်များ
- အခန်း(၆) အထွေထွေဟူ၍ ဖြစ်ပါသည်။

ယင်းလမ်းမကြီးဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၀၂ခုနှစ် ဒီဇင်ဘာ ၂၀ရက်၌ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂ဖြင့် လမ်းမကြီးများဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါသည်။

ယင်းလမ်းမကြီးများဥပဒေနှင့် နည်းဥပဒေများသည် အဓိကအားဖြင့် အောက်ပါအချက်များကို ဖြစ်ပေါ်စေရန်ဖြစ်ပါသည် -

- တစ်နိုင်ငံလုံးရှိလမ်းမကြီးများကို အမြဲကောင်းမွန်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနအား တာဝန်ပေးခြင်း၊
- လမ်းများကို ပျက်ယွင်းစေမည့်အရာများအား ထိန်းချုပ်ပိုင်ခွင့်ပေးခြင်း (ယာဉ်နှင့် ဝန်အလေးချိန်ထိန်းချုပ်ခြင်း၊ လမ်းနယ်အတွင်း လမ်းပျက်ယွင်းမှုကို ဖြစ်ပေါ်စေနိုင်သည့် သစ်ပင်စိုက်ခြင်း၊ ရေမြောင်းလုပ်ခြင်း၊ မြေတူးခြင်း၊ မြေဖို့ခြင်း၊ အဆောက်အအုံဆောက်ခြင်းများကို တားဆီးပိုင်ခွင့်ပေးခြင်း၊)
- လမ်းများကို စီမံချက်ဆွဲပြီး စနစ်တကျစံချိန်စံညွှန်းမီ တည်ဆောက်ခြင်း၊
- သတ်မှတ်လမ်းသက်တမ်းအတွင်း လမ်းများကောင်းမွန်စေရန် စနစ်တကျပြုပြင်ထိန်းသိမ်းစေခြင်း။

တင်းတင်းကျပ်ကျပ်

သို့ဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏(၃/၂၀၀၉)အရ လမ်းများ၊ တံတားများ သက်တမ်းမကုန်မီ ပျက်စီးမှုနည်းစေရန် လမ်း/တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့စည်း၍ ၂၀၀၉ခုနှစ် မတ်လ ၂ရက်မှစတင်၍ တာဝန်ထမ်းဆောင်စေခဲ့သည်။ ယင်းအဖွဲ့သည် ပဲခူးရိုးမအရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတွင်ရှိသော သစ်တင်ယာဉ်မောင်းများနှင့် သစ်ကုမ္ပဏီများအား လမ်းမကြီးများဥပဒေနှင့် ပြစ်ဒဏ်များလိုက်နာရန် စည်းကမ်းများကို လက်ကမ်းစာစောင်များ ထုတ်ဝေ၍ အသိပေးအကြောင်းကြားခြင်း၊ သတိပေးလက်မှတ်ရေးထိုးစေခြင်းများကို ဦးစွာပထမ ဆောင်ရွက်ခဲ့ပြီးနောက် လမ်း၏ခံနိုင်အားနှင့် လိုက်လျောညီသည့် (ယာဉ်နှင့်ကုန်) အလေးချိန်သတ်မှတ်၍ ဖြတ်သန်းသွားလာခွင့် ပြုခဲ့ပါသည်။ ထို့အပြင် ယင်းလမ်းများတွင် တန်ချိန်ကတ္တားများ အသုံးပြု၍စစ်ဆေးပြီး တန်ပိုယာဉ်များအား တင်းတင်းကျပ်ကျပ် အရေးယူပြစ်ဒဏ်ပေးလျက်ရှိကြောင်း သိရှိရသည်။

လမ်းကိုအသုံးချမှုတွင် ရည်ရွယ်ချက်အမျိုးမျိုးနှင့် တည်ဆောက်ရပါသည်။ စစ်ရေးအတွက် မဟာဗျူဟာလမ်း၊ သစ်ထုတ်လုပ်ရေးအတွက် သစ်တောလမ်း၊ စက်ရုံများအတွက် စက်ရုံတွင်းလမ်း၊ ဒေသန္တရဖွံ့ဖြိုးရေးလမ်းများ၊ အဝေးပြေးလမ်းများ စသည်တို့ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အများပြည်သူများ နေ့စဉ်သွားလာ အသုံးပြုနေရသော နိုင်ငံတော်၏ လူမှု/စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်သည့် အဝေးပြေးလမ်းမကြီးများကို တာဝန်ယူတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရပြီး လမ်းမကြီးများကိုလည်း မြို့နယ်/ခရိုင်ချင်းဆက် အဓိကလမ်းမကြီးများ (Main Roads)၊ ပြည်နယ်နှင့်တိုင်းချင်းဆက်လမ်းများ(Provincial Roads)၊ ပြည်နယ်နှင့် တိုင်းများကို ဖြတ်သန်းဆက်သွယ်ထားသော ပြည်ထောင်စုလမ်းမကြီးများ(Union Highways)ကဲ့သို့ အဝေးပြေးလမ်းမကြီးများဟူ၍ လမ်းအဆင့်ခွဲခြားထားသကဲ့သို့ အသုံးချမှုပေါ် မူတည်၍လည်း မဟာဗျူဟာလမ်းမကြီး (Strategic Highway)၊ စီးပွားရေးပင်မလမ်းမကြီး (Primary Highway)၊ အမြန်လမ်းမကြီး (Expressway)စသည်ဖြင့် ခေါ်ဝေါ်ပါသည်။

အထက်ဖော်ပြပါလမ်းများကို တည်ဆောက်မည်(သို့မဟုတ်) တိုးတက်ပြုပြင်မည်ဆိုပါက တည်ဆောက်ပြီးလမ်းပေါ် အသုံးပြုသွားလာမည့် မော်တော်ကားအရေအတွက်၊ လမ်းဖောက်ခြင်းဖြင့် ရရှိမည့်အကျိုးအမြတ်စသည်တို့ကို ခန့်မှန်း၍ ကုန်ကျမည့် တည်ဆောက်စရိတ်များနှင့် လမ်းဘောဂဗေဒဆိုင်ရာ တွက်ချက်မှုများစသည်တို့ကို စဉ်းစားပြီး အကောင်အထည်ဖော် ဆောင်ရွက်လေ့ရှိသည်။ (ဆိုလိုသည်မှာ လမ်းတစ်လမ်းဖောက်ရန် အရင်းအနှီးများလွန်း၍ စဉ်းစားရခြင်းဖြစ်သည်။)

ထည့်သွင်းစဉ်းစား

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတည်ဆောက်ရန်အတွက် လမ်းပုံစံများရအောင် လမ်းအနေအထားပုံစံထုတ်ခြင်း (Geometric Design) နှင့် လမ်းအဆောက်အအုံပုံစံထုတ်ခြင်း (Road Structure Design) များကို ပထမဆောင်ရွက်ပြီးမှသာ အကောင်အထည်ဖော်ရပါသည်။ လမ်းအနေအထား ပုံစံထုတ်ခြင်းပြုလုပ်ရန်အတွက် တည်ဆောက်ရမည့် လမ်းအနေအထား၊ စံချိန်စံညွှန်းနှင့် မြေပြင်အနေအထားသည် အရေးကြီးပြီး လမ်းအဆောက်အအုံပုံစံထုတ်ခြင်းပြုလုပ်ရန် လမ်းအောက်ခံမြေအရည်အသွေး၊ အသုံးပြုမည့် လမ်းခင်းပစ္စည်းအမျိုးအစားအရည်အသွေး၊ ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်ပမာဏနှင့် အလေးချိန်၊ လမ်းသက်တမ်းနှင့် လမ်းသက်တမ်းတစ်လျှောက် နှစ်စဉ်တိုးတက်များပြားလာမည့် မော်တော်ယာဉ်ပမာဏတို့ကို ထည့်သွင်းစဉ်းစားရသည်ဟု ဆိုပါသည်။

လမ်းတစ်လမ်းတည်ဆောက်ပြီးလျှင် သတ်မှတ်လမ်းသက်တမ်းအတွင်း လမ်းသည် ပုံမှန်အားဖြင့် သာမန်ပြုပြင်ထိန်းသိမ်းခြင်း၊ ရာသီအလိုက်ပြုပြင်ထိန်းသိမ်းခြင်း ပြုလုပ်ရုံဖြင့် ကောင်းနေရပါမည်။ လမ်းကိုပစ်ထား၍မရပါ။ အမြဲစောင့်ကြည့်ပြီး လမ်းအင်အားလျော့ပါးမှုနည်းအောင် ပြုပြင်ထိန်းသိမ်းပေးရပါသည်။ ထို့အပြင် လမ်းသက်တမ်းပြည့် ခိုင်ခံ့ရန်အတွက် ယင်းလမ်းကိုအသုံးပြုမည့် မော်တော်ယာဉ်များ၏ကဏ္ဍသည်လည်း အရေးကြီးပါသည်။ (ဆိုလိုသည်မှာ လမ်းပုံစံထုတ်ရာတွင် ထည့်သွင်းစဉ်းစားထားသော ယာဉ်နှင့် ကုန်အလေးချိန်နှင့် ကိုက်ညီသည့် ဝင်ရိုးအရေအတွက်၊ ယာဉ်ပမာဏတို့နှင့် ကိုက်ညီမှုမရှိသည့် ယာဉ်များသွားလာမည်ဆိုပါက လမ်းသက်တမ်းတိုမည် ဖြစ်ပါသည်)။

ကားလမ်းများကောင်းမွန်စေရန် တန်ပိုကုန်တင်ယာဉ်များ (တစ်နည်း) မိမိကား၏ ဝန်နှင့် ဝင်ရိုးကိုက်ညီမှုမရှိသောယာဉ်များ ဖြတ်သန်းအသုံးပြုခြင်းမပြုရန် ထိန်းသိမ်းရပါမည်။ ဤသို့တန်ပိုကုန်တင်ယာဉ်များ (မနိုင်ဝန်ထမ်းထားသည့်ကားများ)သည် လမ်းပေါ်တွင် သွားလာလျှင် လွန်စွာအန္တရာယ်များပါသည်။ ယခုအဝေးပြေးလမ်းမကြီးများတွင် ခရီးသွားရင်းနှင့်ပင် တန်ပိုယာဉ်များ ဝန်ပိုတင်ပြီး အတိုင်းအတာစံချိန်စံညွှန်းနှင့်မကိုက်ညီသော ကားအချို့ တိမ်းမှောက်သည့်ဖြစ်စဉ်များကို မကြာခဏ တွေ့မြင်နေရပါသည်။ ယင်းသို့ကားမှောက်လျှင် ယာဉ်များပျက်စီး၍ ယာဉ်ပိုင်ရှင်များနစ်နာပြီး ယာဉ်ပါဝန်ထမ်းများသည်လည်း အသက်အန္တရာယ်နှင့် ရင်ဆိုင်ရပါမည်။ ဝန်ပိုတင်ခြင်းကြောင့် လမ်းလည်းပျက်စီးပြီး လမ်းသက်တမ်းတိုရပါသည်။



ခလုတ်မထိ ဆူးမငြိ

သယ်ယူပို့ဆောင်ရေး လုပ်ငန်းအမျိုးမျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် မော်တော်ကားဖြင့် သယ်ယူရသည့် ကုန်းလမ်းခရီးကများပါသည်။ ထို့ကြောင့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် အဓိကကျသည့်အချက်မှာ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေပြီး လိုရာဒေသသို့ ခလုတ်မထိ ဆူးမငြိဘဲ ရောက်စေရန်သာဖြစ်သည်။

ဥပမာ ရှမ်းပြည်နယ်မှ အာလူး၊ ကြက်သွန်ဖြူနှင့် ဂေါ်ဖီထုပ်၊ အထက် အညာဒေသမှ ကြက်သွန်နီ၊ ဆီထွက်သီးနှံနှင့် ငရုတ်သီးစသည့် စားသုံးကုန်များကို ရန်ကုန်သို့လည်းကောင်း၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းတို့မှ ဆန်နှင့် ရေထွက်ကုန်ပစ္စည်းများကို အထက်အညာဒေသနှင့် ရှမ်းပြည်နယ်တို့သို့လည်းကောင်း၊ မော်တော်ကားလမ်းဖြင့် သယ်ယူရာတွင် တန် ၃၀ တင်လိုလျှင် သတ်မှတ်ဝင်ရိုး သုံးချောင်းတပ်ကားနှင့် သယ်ရမည်ဖြစ်ပြီး တန် ၆၀တင်လိုလျှင် သတ်မှတ်ဝင်ရိုး ခြောက်ချောင်းတပ်ကားဖြင့် သယ်ယူပါက ရေရှည်အတွက် လမ်းများပျက်စီးမှုနည်းပါးပြီး ကားများလည်း ပျက်စီးခြင်းမရှိဘဲ ကုန်များလည်း လိုရာရောက်ရှိမှာဖြစ်၍ ကုန်ဈေးနှုန်းကြီးမြင့်မှုဆိုသည်မှာ မရှိနိုင်ပါဟု ရေးသားတင်ပြလိုပါသည်။

အချုပ်အားဖြင့်တင်ပြရလျှင် ကားလမ်းပို့ဆောင်ရေးစနစ်တစ်ခုတွင် သယ်ယူပို့ဆောင်စရိတ်သည် လမ်းတည်ဆောက်ရေးစရိတ် ၁၂ရာခိုင်နှုန်း၊ ထိန်းသိမ်းစရိတ် ၃ရာခိုင်နှုန်းနှင့် ကျန်ရှိသော ၈၅ရာခိုင်နှုန်းသည် ယာဉ်အသုံးပြုစရိတ် (Vehicle Operating Cost) များသာဖြစ်သဖြင့် လမ်းမကောင်းလျှင် နေ့စဉ်နှင့်အမျှ ဆုံးရှုံးနေရသော မော်တော်ယာဉ်များ၏ တာယာ၊ ဘရိတ်၊ စက်ဆီ၊ ချောဆီမှအစ အခြားအစိတ်အပိုင်းများ ပြုပြင်ထိန်းသိမ်းစရိတ်၊ မော်တော်ယာဉ်တန်ဖိုး၊ ယာဉ်မောင်းနှင့် ဝန်ထမ်းများ၏လစာ စသည့်စရိတ်များကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေများကို အိတ်ပေါက်နှင့် ဖားကောက်သလို မဖြစ်ရအောင် မြန်မာနိုင်ငံ၏လမ်းများတွင် သွားလာမောင်းနှင်နေကြသော ကုန်တင်ကားကြီးများအား ဝန်နှင့်လိုက်လျောညီထွေဖြစ်မည့် နိုင်ငံတကာ ကျင့်သုံးနေသော ဝင်ရိုးများအတိုင်း ရှိစေရေးအတွက် စုဆောင်းရေးသား တင်ပြလိုက်ရပါသည်။ ။

လမ်းတစ်လမ်း တည်ဆောက်ပြီးလျှင် သတ်မှတ်လမ်းသက်တမ်းအတွင်း လမ်းသည် ပုံမှန်အားဖြင့် သာမန်ပြုပြင်ထိန်းသိမ်းခြင်း၊ ရာသီအလိုက် ပြုပြင်ထိန်းသိမ်းခြင်း ပြုလုပ်ရုံဖြင့် ကောင်းနေရပါမည်။ လမ်းကိုပစ်ထား၍မရ၊ အမြဲစောင့်ကြည့်ပြီး လမ်းအင်အား လျော့ပါးမှုနည်းအောင် ပြုပြင်ထိန်းသိမ်းပေးရ။ လမ်းသက်တမ်းပြည့် ခိုင်ခံ့ရန်အတွက် ယင်းလမ်းကိုအသုံးပြုမည့် မော်တော်ယာဉ်များ၏ ကဏ္ဍသည်လည်း အရေးကြီး။

ပန်းတနော်-အိမ်မဲ-မြောင်းမြလမ်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် နိုဝင်ဘာ ၁၄ရက် နံနက်ပိုင်းက ရန်ကုန်-ပုသိမ်လမ်း၌ အေးရှားဝေါလ်ကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပန်းတနော်-အိမ်မဲ-မြောင်းမြလမ်း မိုင်တိုင်အမှတ် (၁၅/၄)နှင့် (၁၅/ ၅)ကြား လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ကတ္တရာခင်းရန်အတွက် ကတ္တရာကျိုချက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပန်းတနော်-အိမ်မဲ-မြောင်းမြလမ်း မိုင်တိုင်အမှတ် (၁၁/၆)နှင့် (၁၁/၇)ကြား၌ မြောင်းမြခရိုင် အိမ်မဲမြို့နယ်က Over Lay ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလေအလွင့်နည်းပါး

ယင်းနောက် ဝန်ကြီးသည် မြောင်းမြခရိုင်ရုံး၌ ခရိုင်နှင့် မြို့နယ်အဆင့်ဝန်ထမ်းများအား တွေ့ဆုံ၍ မိမိတို့တာဝန်ယူဆောင်ရွက်သော လမ်း၊ တံတားနှင့် လေယာဉ်ကွင်း အဆောက်အအုံလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ အလေအလွင့်နည်းပါးရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်(၂၀) ပြည့်
ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ
ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် နှစ်ပတ်လည်နေ့အခမ်းအနား
၂၀၀၉ ခုနှစ် နိုဝင်ဘာလ(၂၀)ရက်
နေပြည်တော်

The Celebration of 20th Anniversary
of
Convention on the Rights of the Child
20th November, 2009
Nay Pyi Taw

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပြင်ဦးလွင်၌ ပညာပေးဟောပြော

ပြင်ဦးလွင် နိုဝင်ဘာ ၁၇

ပြင်ဦးလွင်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၉ရက် နံနက် ၁၀နာရီက ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြော

အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ပြင်ဦးလွင်)မှ ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ စက်ဘီးစီးသူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများကို ပရိုဂျက်တာဖြင့် လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လွင်က ယာဉ်မတော်တဆဖြစ်စဉ်များကိုလည်းကောင်း ပညာပေးဟောပြောရာ ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။ (အောက်ပုံ) (၀၉၀)

❐ ကျောဖုံးမှ

ဆိုင်သောရောဂါများ ဖြစ်နိုင်သည့်အပြင် သွေးပေါင်ချိန်တက်ခြင်း၊ ရောင်ရမ်းခြင်းအပါအဝင် ခန္ဓာကိုယ်ပုံမှန်လည်ပတ်မှုကို နှောင့်ယှက်ဖျက်ဆီးမှုများ ကြုံတွေ့ရကြောင်း လေ့လာသိရှိပြီးဖြစ်သည်။

လေ့လာတွေ့ရှိ

ဗီတာမင်(ဒီ) အလွန်မင်းချို့တဲ့သည့် ရောဂါသည်များအနေဖြင့် သာမန်ထက်သေဆုံးရန် ၇၇ရာခိုင်နှုန်း ပိုများသည်။ နှလုံးရောဂါပိုဆိုးရန် ၄၅ ရာခိုင်နှုန်းပိုများပြီး သာမန်ရောဂါသည်များထက် လေဖြတ်ရန် ၇၈ရာခိုင်နှုန်း ပိုများကြောင်း သုတေသီများက နောက်ဆုံး လေ့လာတွေ့ရှိရသည်ဟု ဆို၏။ *(အင်တာနက်)*

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသည့် "Role of Ambient Air quality monitoring System for our Environment"ဆိုင်ရာ ဟောပြောပွဲကို နိုဝင်ဘာ ၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ (လှိုင်မြို့နယ်) တက္ကသိုလ်များလှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် ထိုင်းနိုင်ငံမှ Mr. Andres Quijano (Ecotech Product support specialist)နှင့်Mr. Manoj Kumar (Ecotech International Business Manager)တို့က ဟောပြောပို့ချမည်ဖြစ်ရာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုသော အချက်အလက်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၀၉၆၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

KMD ၏ နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲကို ရန်ကုန်မြို့ Stand Hotel ၌ နိုဝင်ဘာ ၂၂ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အများဆုံး ၅၀ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းချပေးမည်ဖြစ်ပြီး Notebook များကိုလည်း အထူးခြားဆုံးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ပြပွဲချိန်အတွင်း KMD တွင် သင်တန်းအပ်နှံပါက ၃၀ရာခိုင်နှုန်းလျှော့ဈေးဖြင့် လက်ခံပေးသွားမည်ဖြစ်သည်။ ပြပွဲကို တစ်ရက်တည်းသာ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲအချိန်မှာ မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ ဖြစ်သည်။

လေ့လာနိုင်

KMD သည် အသစ်ထွက်ရှိလာသော နည်းပညာများနှင့် ပစ္စည်းများကို အများပြည်သူများ ခေတ်နှင့်တစ်ပြေးညီ လေ့လာနိုင်စေရန်နှင့် နောက်ဆုံးပေါ် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲကို အခါအားလျော်စွာပြုလုပ်ပေးနေသော ကွန်ပျူတာကုမ္ပဏီတစ်ခု ဖြစ်သည်။

ပြပွဲတွင် အသစ်ထွက်ရှိသော ပစ္စည်းအသစ်များကိုလည်း ပြသသွားမည်ဖြစ်ပြီး ကွန်ပျူတာနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို အသုံးပြုနိုင်သော Prolink အဆင့်မြင့် Inverter ကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်သည်။ Prolink Inverter သည် နောက်ဆုံးပေါ်နည်းပညာဖြင့် ထုတ်လုပ်ထားသော Inverter ဖြစ်ပြီး မီးပျက်နေစဉ် ရေမော်တာတင်ခြင်းနှင့် ရေခဲသေတ္တာတို့ကို အသုံးပြုနိုင်သော အဆင့်မြင့် Inverter ဖြစ်သည်။ Notebook ခေတ်ဖြစ်လာသည်နှင့်အညီ မော်ဒယ်လ်အသစ်များ ထွက်လျက်ရှိပြီး ဈေးနှုန်းသည်လည်း အချိန်နှင့်အမျှ ပြောင်းလဲနေသောကြောင့် Notebook ဝယ်ယူလိုသူများ စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်စေရန် Notebook မျိုးစုံကိုလည်း ခင်းကျင်းပြသ၍ အချိုသာဆုံး ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ပြပွဲရက်အတွင်း Notebook နှင့် Netbook ဝယ်ယူသူများအတွက် Prolink Netbook နှင့် Prolink IPS၊ Lenovo Notebook ဝယ်ယူသူများအတွက် Lenovo B450L Notebook ၊ Desktop PC ဝယ်ယူသူများအတွက် ၁၉လက်မ Philips Graphic Monitor နှင့် Prolink IPS များကို ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်သည်။ ထို့အပြင် Notebook ဝယ်ယူသူအားလုံးအတွက် Dicota Notebook Bag 10% discount ကူပွန်ကိုလည်း လက်ဆောင်ပေးသွားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက KMD Sales & Service ဖုန်း-၂၄၅၁၈၀၊ ၂၀၄၀၇၁၊ ၃၈၁၀၃၅၊ ၅၀၃၅၁၁ နှင့် ၅၀၂၂၄၄တို့သို့ မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်ပေးအပ်ပွဲ

တက်ရောက်ခွင့်လက်မှတ်များ ထုတ်ယူရန်နှိုးဆော်

နေပြည်တော် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံစာရင်းကောင်စီ၏ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံလမ်းရှိ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း(ရန်ကုန်)၌ ကျင်းပမည်ဖြစ်သည်။

ဆုချီးမြှင့်

အဆိုပါအခမ်းအနား၌ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလတွင်ကျင်းပခဲ့သော လက်မှတ်ရပြည်သူ့စာရင်းကိုင် အမှတ်စဉ် (၂၉) ဒုတိယပိုင်းစာမေးပွဲ၊ ၂၀၀၉ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့သော လက်မှတ်ရပြည်သူ့စာရင်းကိုင် အမှတ်စဉ်(၃၀) ဒုတိယပိုင်းစာမေးပွဲနှင့် ၂၀၀၉ခုနှစ် မတ်လတွင် ကျင်းပခဲ့သော ဒီပလိုမာစာရင်းကိုင် ဒုတိယပိုင်း စာမေးပွဲ အောင်မြင်သူများကို အောင်လက်မှတ်များပေးအပ်ပြီး ပထမ၊ ဒုတိယ၊ တတိယအဆင့်ဖြင့် အောင်မြင်သူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ၊ ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူများကိုလည်း ငွေသားဆုများ ချီးမြှင့်မည်ဖြစ်သည်။

ထို့အပြင် ၂၀၀၉ခုနှစ် ဧပြီလ၌ ကျင်းပခဲ့သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အမှတ်စဉ်(၃၂) ပထမပိုင်းစာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယအဆင့်ဖြင့် အောင်မြင်သူများနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူများကို ငွေသားဆုများ ချီးမြှင့်မည်ဖြစ်သည်။

ထုတ်ပြန်ထားမည်

အဆိုပါ အောင်လက်မှတ်နှင့် ဆုလက်ခံယူကြမည့် သင်တန်းသား၊ သင်တန်းသူများအားလုံးကို အခမ်းအနားတက်ရောက်ကြရန်နှင့် အခမ်းအနားတက်ရောက်မည့်သူများသည် အခမ်းအနားကြေး ငွေကျပ် ၃၀၀၀နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံတစ်ပုံကို စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း (ရန်ကုန်)သို့ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၁၈ရက်အတွင်း ပေးသွင်းပြီး အခမ်းအနားတက်ရောက်ခွင့်လက်မှတ် ကြိုတင်ထုတ်ယူကြရန်ဖြစ်သည်။ ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူများ အမည်စာရင်းကို စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်)၌ ထုတ်ပြန်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၇

နိုဝင်ဘာ၁၅ရက်က ဦးခင်မောင်ဝင်း (ကြယ်နီ)သည် ကစားဖော်များဖြစ်ကြသော ဦးလှမင်း၊ ဦးဆန်းဦးလှိုင်၊ ဦးစစ်ချုပ်၊ ဦးအေးနိုင်တို့နှင့်အတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် Southern Star Golf Club (ကေတုမတီမြို့သစ်၊ တောင်ငူမြို့)၌ ဂေါက်ရိုက်ကစားစဉ် Titleist (1) ဂေါက်သီးကို Majesty Iron-7 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၆ ကိုက်ရှိသော ကျင်းအမှတ် ၆သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပုသိမ်မြို့အနီး ရေပြင်၌ ခရီးသည်တင်ရေယာဉ်တစ်စင်းနှင့် ဆီတင်တွဲပါတွန်းရေယာဉ်တစ်စင်းတို့ တိုက်မိ

ခရီးသည်နှင့် ရေယာဉ်ဝန်ထမ်း ၁၂၆ ဦးအား ကယ်တင်နိုင်ခဲ့ ၃၁ဦးသေဆုံး၊ ၁၉ဦး ပျောက်ဆုံး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

ပုသိမ်မြို့အနီး ရေပြင်၌ ခရီးသည်တင်ရေယာဉ်တစ်စင်းနှင့် ဆီတင်တွဲရေယာဉ်တစ်စင်းတို့ နိုဝင်ဘာ ၁၅ရက် ညပိုင်းက တိုက်မိသဖြင့် ခရီးသည်တင်ရေယာဉ်ပေါ်တွင် လိုက်ပါလာသူအများစုအား ကယ်တင်နိုင်ခဲ့သော်လည်း ခရီးသည်အချို့သေဆုံး၊ ပျောက်ဆုံးမှုရှိခဲ့ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်ရှာဖွေ

ပုသိမ်-သက္ကယ်သောင်ပြေးဆွဲသည့် ခရီးသည်နှင့်ရေယာဉ်ဝန်ထမ်း ၁၇၆ဦး လိုက်ပါလာသော ပုဂ္ဂလိက ခရီးသည်တင်ရေယာဉ် နေမျိုးထွန်းကြီးသည် နိုဝင်ဘာ ၁၅ ရက် ည ၇ နာရီတွင် ပုသိမ်ဆိပ်ကမ်းမှ ထွက်ခွာလာရာ ည ၈ နာရီခန့်တွင် ပုသိမ်မြို့နှင့် ဖမိုင်ခွဲအကွာရှိ ရှမ်းငူကျေးရွာအနီး၌ ပုသိမ်မြို့သို့ ဝင်ရောက်လာသည့် ဒီဇယ်ဆီများ တင်ဆောင်လာသော ဆီတင်တွဲပါတွန်းရေယာဉ် ဓနနှင့် တိုက်မိခဲ့ကြောင်း၊ ခရီးသည်တင်ရေယာဉ် နေမျိုးထွန်းကြီးသည် ယင်းနေရာ၌ပင် ဦးပိုင်းကြေမွပြီး နစ်မြုပ်သွားခဲ့ကြောင်း၊ ရေယာဉ်နစ်မြုပ်ကြောင်း သိလျှင်သိချင်း ရှမ်းငူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများသည် စက်လှေများဖြင့်လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသည် ရှပ်ပြေးရေယာဉ်များဖြင့်လည်းကောင်း ရောက်ရှိလာကြပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် ခရီးသည်တင်ရေယာဉ်တွင် ပါရှိသူ ၁၇၆ဦး အနက် ၁၂၆ဦးအား ကယ်ဆယ်နိုင်ခဲ့ကာ နိုဝင်ဘာ ၁၆ ရက်အထိ သေဆုံးသူ ၃၁ဦး၏ အလောင်းများကိုရှာဖွေတွေ့ရှိခဲ့ပြီး ပျောက်ဆုံးနေသူ ၁၉ဦးအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

ကူညီထောက်ပံ့

ခရီးသည်တင်ရေယာဉ်ပေါ်မှ ကယ်တင်ရရှိခဲ့သူ ၁၂၆ဦးအား ပုသိမ်မြို့သို့ ပို့ဆောင်ပေးခဲ့ရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးပြီး လိုအပ်သည့် ဆေးဝါးကုသမှုနှင့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးကာ နေရာအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျွန်းနှင့် ယူကလစ် အညွန့်ကိုင်းထိုးခြင်းနှင့် ဥယျာဉ်တည်ထောင်ခြင်း သင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၁၇

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျွန်းနှင့် ယူကလစ် အညွန့်ကိုင်းထိုးခြင်းနှင့် ခန္ဓာပိုင်းမျိုးထုတ်အပင်ငယ် ဥယျာဉ်တည်ထောင်ခြင်း သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉နာရီက နေပြည်တော်ရေဆင်းရှိ သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား စီမံကိန်းနှင့် စရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သစ်တောဦးစီးဌာနမှ တောအုပ်ကြီးအဆင့် ဝန်ထမ်း ၁၁ဦး၊ တောအုပ် ခုနစ်ဦး၊ ပုဂ္ဂလိကကျွန်းစိုက်ခင်းလုပ်ငန်းရှင်များမှ ကိုယ်စားလှယ် ရှစ်ဦး စုစုပေါင်းသင်တန်းသား ၂၆ဦးတက်ရောက်ကြပြီး နိုဝင်ဘာ ၂၀ရက်အထိ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် ကျွန်းနှင့် ယူကလစ် အညွန့်ကိုင်းထိုးခြင်းနှင့် ခန္ဓာပိုင်းမျိုးထုတ်အပင်ငယ် ဥယျာဉ်တည်ထောင်ခြင်း သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မရမ်းကုန်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့အကြိုဟောပြောပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)၏ စီစဉ်မှု မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မရမ်းကုန်းမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် ၁၃၇၁ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ရက် ည ၇နာရီက မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ပေါ်တော်မူဘုရားဝင်း ဇာတ်ရုံကြီးတွင် ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး(မောင်ကျေးဇူး) က အမှာစကား ပြောကြားပြီး အတွင်းရေးမှူး မြေလတ်ထင်ကျော်မိုးက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မီးအိမ်ရှင်စာအုပ်တိုက် ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်) က မြန်မာ့စွယ်စုံကျမ်း (၂၀၀၉)နှင့် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိသမျှသော သုတရသ စာအုပ်မျိုးစုံတို့ကို မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရည်ညွှန်းစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်-မရမ်းကုန်း)က လက်ခံယူသည်။

ဂုဏ်ပြုငွေချီးမြှင့်

ဟောပြောပွဲတွင် စာရေးဆရာချစ်ကိုကိုယု၊ ဆရာဝန်စာရေးဆရာမ ယဉ်မင်းဦး (ဆေးတက္ကသိုလ်)နှင့် စာရေးဆရာ နန္ဒာမိုးကြယ်တို့က စာပေအနုပညာရေးရာများ ဟောပြောကြပြီး ဟောပြောပေးသော စာရေးဆရာများအား မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

(ဝဲပုံ) (မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ဖောင်ပိတ် အီရတ် - အာဖဂန်သတင်း

အာဖဂန်အနောက်မြောက်ပိုင်း၌ ဒုံးကျည်များဖြင့် ပစ်ခတ် အနည်းဆုံး ၁၂ ဦးသေဆုံးပြီး ၃၈ ဦးဒဏ်ရာရရှိ

ကဘူးလ် နိုဝင်ဘာ ၁၇

အာဖဂန်နစ္စတန် အနောက်မြောက်ပိုင်းဈေးတစ်ဈေး၌ နိုဝင်ဘာ ၁၆ရက်က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့၍ အနည်းဆုံးအရပ်သား ၁၂ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် အခြား ၃၈ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတိုက်ခိုက်မှုသည် ပြင်သစ်တပ်ဖွဲ့အကြီးအကဲနှင့် လူမျိုးစုအကြီးအကဲများ တွေ့ဆုံဆွေးနွေးမှုကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုသည် ကဘူးလ်မြို့မြောက်ဘက် တာဂတ်တောင်ကြားရှိ ဈေး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တာဂတ်တောင်ကြားဒေသသည် ကဘူးလ်မြို့ မြောက်ဘက် ၇၅မိုင်အကွာ ကာပီဆာပြည်နယ်၌ တည်ရှိသည်။ ယင်းပြည်နယ်၌ ပြင်သစ်တပ်ဖွဲ့ဝင် ၃၀၀၀ကျော် တပ်စွဲထားသည်။

အီရတ်ကျေးရွာတစ်ရွာအတွင်း သေနတ်သမားများပစ်ခတ် အနည်းဆုံး အရပ်သား ၁၂ဦးသေဆုံးခဲ့ရ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက် ကျေးရွာတစ်ရွာ၌ နိုဝင်ဘာ ၁၆ရက်က အီရတ်စစ်ဝတ်စုံဝတ်ဆင်ထားသော သေနတ်သမားများက ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံးအရပ်သား ၁၂ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အယ်လ်ဆာဒန်ကျေးရွာရှိ ယင်းတိုက်ခိုက်မှုသည် လူမျိုးစု အငြင်းပွားမှုကြောင့် တိုက်ခိုက်ခြင်းဖြစ်နိုင်ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူများတွင် အီရတ်အစ္စလမ္မစ်ပါတီမှ ထိပ်တန်းတာဝန်ရှိသူ တစ်ဦးလည်း ပါဝင်သည်။

အဆိုပါ တိုက်ခိုက်မှုအပြီး ကယ်ကွတ်မြို့မြောက်ပိုင်း ဈေးတစ်ဈေးအနီး၌လည်း ကားဗုံးပေါက်ကွဲခဲ့သဖြင့် ခြောက်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၂၀၀၃ခုနှစ်က အီရတ်ကို အမေရိကန်ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

မျိုးဂုဏ်မြင့်မား မြန်မာ့ပုံရိပ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို မျိုးဂုဏ်မြင့်မား မြန်မာ့ပုံရိပ်များ ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများကို ရွေးချယ်သတ်မှတ်ခဲ့ပြီး ဖြစ်သည်။

ကျင်းပမည်

အဆိုပါပြိုင်ပွဲ၏ ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၂၈ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်

ဆုရရှိသူများသည် ဆုများလက်ခံယူရေးနှင့်စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဖုန်း-၂၀၁၉၃၆နှင့် ၃၇၃၃၄၂တို့သို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘိုးဘွားရိပ်သာသို့ လှူဒါန်း

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် ၁၆/၂ရပ်ကွက် သုမနလမ်းနေ နှစ်ဖက်သော မိဘများကို အမှူးထား၍ ကိုကျော်ဇေယျာထွန်း-မစန်းထိုက်ဝင်း၊ သားမောင်ကျော်ဇင်ဟိန်း သုံးနှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အတွက် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြောကြား

TMW Enterprise Limited မန်နေဂျင်း ဒါရိုက်တာ ဦးဝေလွင် ကျေးဇူးတင်စကား ပြောကြားစဉ်။

(သတင်းစဉ်)

အယ်လ်ဂျီ၏ အသစ်တီထွင် ဆန်းသစ်လိုက်သော နည်းပညာသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

TMW Enterprise Limited က ကြီးမှူး၍ LG အီလက်ထရွန်နစ်က ပြုလုပ်သော LG ၏ အသစ်တီထွင်ဆန်းသစ်လိုက်သည့် နည်းပညာသစ်မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အရပ်ရပ်မှ TMW Enterprise Limited ၏ အရောင်းကိုယ်စားလှယ်ကြီးများ၊ စာနယ်ဇင်းများမှပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ LG အီလက်ထရွန်နစ်မှ President Mr. Woody Nam က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံတစ်ဦးတည်း ကိုယ်စားလှယ် TMW Enterprise Limited မန်နေဂျင်း ဒါရိုက်တာ ဦးဝေလွင်က ကျေးဇူးတင်စကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် TMW Enterprise Limited မှ တာဝန်ရှိသူများက အဝတ်လျှော်စက်၊ လေအေးပေးစက်၊ LCD TV, Plasma TV, နှင့် နောက်ဆုံးပေါ် LED TV များ၊ (Home video) **(ယာပုံ)**များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး LG အီလက်ထရွန်နစ် မန်နေဂျင်းဒါရိုက်တာ Mr. Howard Lee က နိဂုံးချုပ် အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

LG Air Con များအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်မျှတစေသည့် LG New Healthy Cool Model သစ်များ၊ ခေတ်မီသေသပ်လှပပြီး တန်ဖိုးထားဂုဏ်ယူနိုင်သည်။

ရောင်းချမည်

Design များရှိသည့် Art Cool Model သစ်များနှင့် ကမ္ဘာ့အသံ အညင်သာဆုံးနှင့် မီးစားအားအလွန်သက်သာသည့် LG Inverter နည်းပညာသုံး LG Health Plus Inverter, Air Con Model သစ်များဖြစ်သည်။ Air Con Model သစ်များတွင် 0.75HP, 1HP, 1.5HP, 2HP, Model များကို ထုတ်လုပ်ရောင်းချသွားမည်ဖြစ်သည်။

ပြုလုပ်ပေးထား

LG အဝတ်လျှော်စက်များသည် အဝတ်အထည်များကို သန့်စင်သည့်အခါ အဝတ်အစားများပေါ်တွင်ရှိသည့် အညစ်အကြေးများကို ဖယ်ရှားသန့်စင်ပေးရုံသာမက ပိုးမွှားများအန္တရာယ်မှလည်း ကာကွယ်ပေးနိုင်သည့် နည်းပညာများ ပါဝင်သည်။ ထို့အပြင် ခန္ဓာကိုယ်ယားယံစေသည့် ပိုးမွှားများကို ဖယ်ရှားပေးရုံသာမက အိမ်မွေးတိရစ္ဆာန်များ၏ အမွေးအမျှင်များကိုပါ ဖယ်ရှားပေးနိုင်သည်။ LG Steam နည်းပညာသစ် အသုံးပြုထားသည့် LG Steam နည်းပညာသည် ၁၀၀ ဒီဂရီစင်တီဂရိတ် ရေနွေးငွေ့အသုံးပြုထားပြီး ပေါင်းခံသန့်စင် ဖယ်ရှားပေးသည့် နည်းပညာသစ်ဖြစ်သည်။ သုံးစွဲသူများအတွက် ကျန်းမာရေးနှင့်ညီညွတ်အောင်ပြုလုပ်ပေးထားသည်။

နည်းပညာသစ်

LG မှ ထုတ်လုပ်သော LCD TV, Plasma TV နှင့် နည်းပညာသစ် အသုံးပြုထားသည့် LE D TV များသည် မီးစားသက်သာခြင်း၊ Energy Saving Technology ပါဝင်သည့်အတွက် မူလမီးစားနှုန်း ၇၆ရာခိုင်နှုန်း သက်သာစေသည်။ ထို့အပြင် Movie, Game, Sport စသည့်အရာများကို ကြည့်ရှုသည့်အခါ ရုပ်ပုံအရည်အသွေးများကို အလိုအလျောက် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ပေးသည့် နည်းပညာသစ်များ ပါဝင်သည်။

ကမ္ဘာ့အမြင့်မားဆုံး နည်းပညာသစ်ဖြင့် ပြုလုပ်ထားသည့် LED TV ၏ ပါးလွှာမှုသည် ဝဒသမ ၉၇စင်တီမီတာရှိသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ LED TV မှာ Bluetooth နည်းပညာ 1080 P Wireless နည်းပညာများ ထည့်သွင်းထားသည့် သုံးစွဲသူများအတွက် ရွေးချယ်ဝယ်ယူသင့်သည့် နည်းပညာများဖြင့် ပြုလုပ်ထားသည်။

ဝယ်ယူနိုင်

LG ၏ အရည်အသွေးမြင့် အီလက်ထရွန်နစ်ပစ္စည်းများကို အမှတ် ၁၂၃ ဆူးလေဘုရားလမ်း၌ရှိသည့် LG အီလက်ထရွန်နစ်မိုဘိုင်းလ် ဆိုင်အမှတ် ၅၆ (A/B) ကမ္ဘာအေးစေတီလမ်းရှိ LG အရောင်းပြခန်း၊ TMW Tower အမှတ် ၃၅၂ လမ်း ၃၀×၈၂လမ်းထောင့် (Showroom) ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ မန္တလေးမြို့၊ ၁၂၆ ဗိုလ်ချုပ်အောင်ဆန်းလမ်း မြို့မရပ် (Show room) တောင်ကြီးမြို့နှင့် အမြို့မြို့အနယ်နယ်ရှိ LG အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**



အဲဗာတန်မှ ဂျက်ရို့ဒ်ဝဲလ် ဘယ်ကိုသွားမလဲ

☆ မောင်မောင်မြင့်ဆွေ ရေးသား၍ မာမာစိုး (မြန်မာ့အလင်း) စာမျက်နှာ ဖွဲ့စည်းသည် ☆

လန်ဒန် နိုဝင်ဘာ ၁၆

လူငယ်ဘောလုံးသမား ခြေတက်လေးတွေကို ရှာဖွေခေါ်ယူစုစည်းတတ်တဲ့ မန်ယူနည်းပြကြီး ဖာဂူဆန်ဟာ အသက် ၁၉နှစ်သာရှိသေးတဲ့ အဲဗာတန်ကွင်းလယ်ကစားသမား ဂျက်ရို့ဒ်ဝဲလ်ကို ခေါ်ယူဖို့ ကြိုးစားနေပါတယ်။

ခြေစွမ်းထက်

ဂျက်ရို့ဒ်ဝဲလ်ဟာ**(ယာပုံ)** အဲဗာတန်အသင်းအတွက် ပရီမီယာလိဂ်မှာ စုစုပေါင်း ၁၃ပွဲသာ ကစားပေးရသေးပေမယ့် ကွင်းလယ်ကစားကွက်ကို ဟာကွက်မရှိအောင် ဖြည့်ဆည်း ကစားပေးနိုင်တဲ့ လူငယ်ကွင်းလယ်ကစားသမားဖြစ်ပြီး ခြေစွမ်းထက်တာမို့ ဖာဂူဆန် သဘောကျနေတဲ့သူ ဖြစ်ပါတယ်။ ဖာဂူဆန်ကိုယ်တိုင် ဂျက်ရို့ဒ်ဝဲလ် ကစားတဲ့ အဲဗာတန်ပွဲတွေကို လိုက်လံလေ့လာကြည့်ရှုခဲ့ပြီးမှ ခေါ်ယူဖို့ ဆုံးဖြတ်ခဲ့တာပဲ ဖြစ်ပါတယ်။

အပြိုင်ဖြစ်

ဒါပေမယ့် ဂျက်ရို့ဒ်ဝဲလ်ရဲ့ ခြေစွမ်းကို သဘောကျပြီး ချယ်လ်ဆီးကလည်း ခေါ်ယူဖို့ ကြိုးစားနေတာမို့ အပြိုင်ဖြစ်နေတဲ့အတွက် အဲဗာတန်က ပြောင်းရွှေ့ကြေးကို ဈေးမြှင့်တင်မယ့်စကားတွေ ဆိုနေပါတယ်။ ချယ်လ်ဆီးကလည်း ဂျက်ရို့ဒ်ဝဲလ်ကို ခေါ်ယူဖို့ တန်ရာတန်ကြေးပေးမယ်လို့ ပြောကြားထားပါတယ်။

ဈေးပေး

မန်ယူကတော့ ဂျက်ရို့ဒ်ဝဲလ်အတွက် ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၂၀ပေးမယ်လို့ ဈေးပေးထားပြီး ချယ်လ်ဆီးကလည်း ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ ပေးမယ်လို့ မန်ယူနဲ့အပြိုင် ဈေးပေးထားပါတယ်။ ဂျက်ရို့ဒ်ဝဲလ်ကတော့ ပြောင်းရွှေ့ဖြစ်မယ်ဆိုရင် မန်ယူကို ပိုပြီး စိတ်ဝင်စားတယ်လို့ သူ့ဆန္ဒကို ပြောကြားထားပါတယ်။

လက်ရွေးစင်

ဂျက်ရို့ဒ်ဝဲလ်ဟာ ၁၆နှစ်အောက် အင်္ဂလန်လူငယ်လက်ရွေးစင်ဖြစ်ခဲ့ပြီး အသက် ၁၆နှစ်နဲ့ ၂၈၄ရက်မှာ အေဇက်အယ်ခမာအသင်းနဲ့ အဲဗာတန်တို့ ယှဉ်ပြိုင်တဲ့ပွဲမှာ ပါဝင်ကစားခဲ့တာမို့ အဲဗာတန်အသင်းရဲ့ ဥရောပပွဲစဉ်တွေမှာ အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သူ ဖြစ်ပါတယ်။

ဂိုးသွင်း

ဂျက်ရို့ဒ်ဝဲလ်ဟာ အသက် ၂၁နှစ်အောက် ဥရောပချန်ပီယံ ဘောလုံးပြိုင်ပွဲမှာ အင်္ဂလန်အသင်းအတွက် အဖိုးတန်ဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သလို အဲဗာတန်အတွက်လည်း အက်ဖ်အေဖလားပြိုင်ပွဲမှာ တစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဂျက်ရို့ဒ်ဝဲလ်ဟာ ကိုယ်တိုင် ဂိုးသွင်းဖို့ထက် ကစားဖော် တိုက်စစ်မှူးတွေကို ဂိုးသွင်းယူနိုင်ရေးမှာ အကောင်းဆုံး ပံ့ပိုးဖြည့်ဆည်းပေးနိုင်တဲ့ ကွင်းလယ်ကစားသမား ဖြစ်ပါတယ်။

လိုအပ်

မန်ယူအသင်းဟာ ကွင်းလယ်ကစားသမားကောင်း လိုအပ်နေတာမို့ ဖာဂူဆန်ဟာ ဂျက်ရို့ဒ်ဝဲလ်ကို လက်လွှတ်ခံမှာတော့ မဟုတ်ပါဘူး။ တိုက်စစ်ရောခံစစ်ပါ ဖြည့်ဆည်းကစားပေးနိုင်ပြီး တစ်ဖက်အသင်းတိုက်စစ်ကို ကွင်းလယ်က ဖြတ်တောက်ဟန့်တားနိုင်တဲ့ စွမ်းရည်ရှိတဲ့ ဂျက်ရို့ဒ်ဝဲလ်ဟာ ဖာဂူဆန်အတွက် အသုံးတည့်မယ့် အနေအထားရှိနေတာမို့ မန်ယူက ဈေးထပ်တိုးပေးမယ့် အခြေအနေရှိနေပါတယ်။ ဂိုးတွေသွင်းယူနေတဲ့ တိုက်စစ်မှူး ရွှန်နေကလည်း အဲဗာတန်ကဖြစ်တာမို့ မန်ယူဟာ အဲဗာတန်နဲ့တော့ ကံစပ်နေပါတယ်။ အပြောင်းအရွှေ့ကာလမှာ မန်ယူက ရအောင်ဝယ်ယူတော့မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဂျက်ရို့ဒ်ဝဲလ်ဟာ မန်ယူကိုပဲရောက်သွားမလား၊ ချယ်လ်ဆီးကိုပဲ ရောက်သွားလေမလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီုင်အော အမေရိကန်လက်ဝှေ့ကျော် မေဝဲသားအား စိန်ခေါ်

လက်စ်ဗီးဂတ်စ် နိုဝင်ဘာ ၁၆

ပွာတိုရီကိုလက်ဝှေ့သမား မီဂဲလ်ကော့တိုအား ထိုးသတ်အနိုင်ယူခဲ့သော မိမိ၏လက်ဝှေ့သမား ပက်ကွီုင်အောအနေဖြင့် ရှုံးပွဲမရှိစံချိန်တင်ထားသည့် အမေရိကန်လက်ဝှေ့သမား ဖလွိုက်မေဝဲသားကို ထိုးသတ်အနိုင်ရသွားလိုကြောင်း ပက်ကွီုင်အော၏ နည်းပြ ဖရက်ဒီရို့က ပြောကြားသည်။

အသက် ၃၀ရှိ ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီုင်အောသည် နိုဝင်ဘာ ၁၅ ရက်က လက်စ်ဗီးဂတ်စ်မြို့၌ ပွာတိုရီကိုလက်ဝှေ့သမား ကော့တိုအား ၁၂ချီဖြင့် ထိုးသတ်အနိုင်ယူခဲ့သည်။ ဒဗလျူဘီအိုဝယ်တာဝိတ်တန်း ချန်ပီယံဖြစ်သွားသော ပက်ကွီုင်အောသည် ယင်းပွဲအနိုင်ရရှိလိုက်သဖြင့် ကမ္ဘာ့ချန်ပီယံဝိတ်တန်း၆ခု၏ ချန်ပီယံဖြစ်လာသည်။

အမေရိကန် လက်ဝှေ့သမား မေဝဲသားသည် ၂၀၀၇ခုနှစ်က ဗြိတိသျှလက်ဝှေ့သမား ဟတ်တန်အား အနိုင်ရပြီးနောက် အနားယူနေရာမှ လက်ဝှေ့ကြိုးဝိုင်းထဲသို့ ပြန်လည်ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့် စက်တင်ဘာလက မက္ကဆီကို လက်ဝှေ့သမား မီဂဲလ်မားကွတ်ဇ်ကို အမှတ်ဖြင့် အနိုင်ရခဲ့သူဖြစ်သည်။ (အင်တာနက်)

နည်းပြ မာရာဒိုနာ နည်းပြခွင့် နှစ်လပိတ်ပင်ခံရ

ဇျူးရစ်အေရီ နိုဝင်ဘာ ၁၆

အာဂျင်တီးနား ဘောလုံးအသင်းနည်းပြ မာရာဒိုနာအား လွန်ခဲ့သောလက ဥရုဂွေးအသင်းနှင့် အာဂျင်တီးနားအသင်းတို့ ကမ္ဘာ့ဖလားခြေစစ်ပွဲကစားရာတွင် ပြိုင်ပွဲအပြီး ဒေါသပေါက်ကွဲ ပြောဆိုမှုခဲ့ကြောင့် ဖီဖာက နည်းပြဆောင်ရွက်ခွင့် နှစ်လ ပိတ်ပင်လိုက်သည်။

အာဂျင်တီးနားအသင်းသည် ယင်းပြိုင်ပွဲတွင် ဥရုဂွေးအသင်းအား တစ်ဂိုး ဂိုးမရှိဖြင့်နိုင်ပြီး ၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်အသင်း ဖြစ်လာခဲ့သည်။ မာရာဒိုနာသည် နိုဝင်ဘာ ၁၅ရက်မှ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၅ရက်အထိ ပိတ်ပင်ခံရခြင်းဖြစ်သည်။

ဒဏ်ရိုက်

ယင်းပိတ်ပင်ခံရမှုကြောင့် ဒီဇင်ဘာ ၄ရက် ကမ္ဘာ့ဖလားပွဲစဉ်များ ရေးဆွဲရာတွင် ပါဝင်ခွင့်ရမည် မဟုတ်ပေ။ ထို့အပြင် မာရာဒိုနာအား ဖီဖာက ပေါင် ၁၅၀၀၀ လည်း ဒဏ်တပ်ရိုက်ခဲ့သည်။**(အင်တာနက်)**

တိုက်စစ်မှူး ဗန်ပါစီ ခြောက်ပတ်ခန့် အနားယူရမည်

လန်ဒန် နိုဝင်ဘာ ၁၆

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီသည် နယ်သာလန်အသင်းနှင့် အီတလီအသင်းတို့ နိုဝင်ဘာ ၁၄ရက်က ချစ်ကြည်ရေးကစားခဲ့သည့်ပွဲတွင် ခြေမှတ်တိုင် အကြောပြတ်သွားသဖြင့် ခြောက်ပတ်ခန့် အနားယူဆေးကုသမှု ခံယူရလိမ့်မည်ဖြစ်ကြောင်း အာဆင်နယ်ကလပ်က ထုတ်ဖော်ကြေညာသည်။

နယ်သာလန် တိုက်စစ်မှူး ဗန်ပါစီသည် ယင်းပွဲတွင် ပွဲစပြီး ၁၀မိနစ်အကြာ ထိခိုက်ဒဏ်ရာရ၍ ကွင်းအတွင်းမှ ထမ်းစင်ဖြင့်ထွက်သွားရသည်။ ဒဏ်ရာအား ဓာတ်မှန်ရိုက်ကြည့်ခဲ့ရာတွင် ခွဲစိတ်ရန်မလိုသော်လည်း ခြောက်ပတ်ခန့် အနားယူရလိမ့်မည်ဖြစ်ကြောင်း ဗန်ပါစီက ပြောကြားသည်။

ဗန်ပါစီသည် ယခုနှစ်၌ အာဆင်နယ်အသင်းအတွက် ၁၁ပွဲကစားခဲ့ရာတွင် ရှစ်ဂိုးသွင်းယူခဲ့သည်။ ပွဲစဉ်တိုင်း ဂိုးသွင်းယူခဲ့သူလည်းဖြစ်သည်။ ဗန်ပါစီ၏ ဂိုးများကြောင့် အာဆင်နယ်သည် ချယ်လ်ဆီးနောက်မှ ငါးမှတ်အကွာဖြင့် ဒုတိယနေရာမှ လိုက်နေသည်။ **(အင်တာနက်)**

ပါရီမာစတာ တင်းနစ်ပြိုင်ပွဲ ဒီဂျိုကိုဗစ်အနိုင်ရဗိုလ်စွဲ

ပါရီ နိုဝင်ဘာ ၁၆

ကမ္ဘာ့နံပါတ်သုံးအဆင့်ရှိ တင်းနစ်ကစားသမား နိုဗက်ဒီဂျိုကိုဗစ်သည် ပါရီမာစတာ တင်းနစ်ပြိုင်ပွဲတွင် ပြင်သစ်တင်းနစ်ကစားသမား မွန်းဖေးလ်အား ၆-၂၊ ၅-၇၊ ၇-၆ (၇-၃)ဖြင့်နိုင်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူးနိုင်ခဲ့

ဆားဘီးယား တင်းနစ်ကစားသမား ဒီဂျိုကိုဗစ်သည် ဆွတ်ခူးနိုင်သော ပါရီမာစတာဖလားမှာ ယခုနှစ်အတွင်း ပဉ္စမမြောက် ဆွတ်ခူးခဲ့သည့်ဖလားဖြစ်သည်။ ၎င်းသည် လွန်ခဲ့သော သီတင်းပတ်က ဆွစ်အင်ဒိုးဖလားလုပွဲတွင်လည်း ကမ္ဘာ့နံပါတ်တစ်အဆင့်ရှိ ရော်ဂျာဖက်ဒဲယားအား အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။ ဒီဂျိုကိုဗစ်သည် ပါရီမာစတာဖလား အကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်နှစ်ရာဖေးလ်နာဒယ်ကိုလည်း အနိုင်ရပြီး ဗိုလ်လုပွဲသို့တက်ရောက်ကာ ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းရေးသားသည်

အားကစားသတင်း အတိုအထွာ

အာကာဟိန်း စုစည်းသည်

မန်ယူနောက်ခံလူ ဗီဒစ် ပြန်ကစားနိုင်တော့မည်

မန်ယူနောက်ခံလူ ဗီဒစ်သည် ဒဏ်ရာသက်သာနေပြီဖြစ်သည့်အတွက် လာမည့် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် အဲဗာတန်နှင့်ပွဲတွင် ပြန်လည်ပါဝင်ကစားနိုင်တော့မည်ဖြစ်ကြောင်း မန်ယူကလပ်က နိုဝင်ဘာ ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

တောင်အာဖရိက ရေကူးသမား ဗန်ဒါဘတ် မီတာ ၅၀ ကမ္ဘာ့စံချိန်သစ်တင်နိုင်

ရုရှားနိုင်ငံတွင် ကျင်းပလျက်ရှိသော ကမ္ဘာ့ဖလားရေကူးချန်ပီယံ ပြိုင်ပွဲတွင် တောင်အာဖရိက ရေကူးသမား ဗန်ဒါဘတ်သည် နိုဝင်ဘာ ၁၆ရက်က ကျင်းပသည့် အမျိုးသား မီတာ ၅၀ လက်ပစ်ကူးပြိုင်ပွဲ၌ ၂၅ဒသမ ၂၅စက္ကန့်ဖြင့် ကမ္ဘာ့စံချိန် တင်နိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ဘင်ဖီကာကွင်းလယ်ကစားသမား မာရီရာအား ပေါင် ၃၆သန်းပေးပြီး မန်စီးတီးခေါ်ယူ

မန်စီးတီးကလပ်သည် ဘင်ဖီကာ ကွင်းလယ်ကစားသမား မာရီရာအား ပြောင်းရွှေ့ကြေး ပေါင် ၃၆သန်းပေး၍ လာမည့်ဇန်နဝါရီလ၌ ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

မန်ယူ နောက်တန်းကစားသမား အီဗန် ဒဏ်ရာကြောင့် ပွဲစဉ်အချို့နှင့် လွဲချော်ဖွယ်ရှိ

မန်ယူလူငယ်ကစားသမား အီဗန်သည် ခြေသလုံးကြွက်သားနာကျင်မှု ဒဏ်ရာကြောင့် ပွဲစဉ်အချို့နှင့် လွဲမည်ဖြစ်ကြောင်း မန်ယူကလပ်က နိုဝင်ဘာ ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၁၆နှစ်အရွယ် ဝက်ခမ်းအား ထိပ်တန်းအသင်းကြီးများ အပြိုင်ခေါ်ယူနေ

အစ်ဆွစ်တောင်းအသင်းမှ အသက် ၁၆နှစ်အရွယ် လူငယ်တိုက်စစ်မှူး ကွန်နာဝက်ခမ်းအား မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးနှင့် အာဆင်နယ်တို့ လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့၌ အရခေါ်ယူရန် အပြိုင်ကြိုးစားနေကြကြောင်း နိုဝင်ဘာ ၁၆ရက်၌ အစ်ဆွစ်တောင်းကလပ်က သတင်းထုတ်ပြန်သည်။

တစ်နှစ်လုပ်ခ ပေါင်ခြောက်သန်းခွဲပေး၍ တိုက်စစ်မှူး အဂွီရိုအား ချယ်လ်ဆီးခေါ်မည်

အက်သလက်တီကို မက်ဒရစ်တိုက်စစ်မှူး အဂွီရိုအား တစ်နှစ်လုပ်ခလစာ ပေါင် ၆ဒသမ ၅သန်းပေး၍ခေါ်ယူရန် ချယ်လ်ဆီးကလပ်က ကမ်းလှမ်းထားကြောင်း နိုဝင်ဘာ ၁၆ရက်၌ သတင်းထုတ်ပြန်သည်။ (အင်တာနက်)

နောက်ဆုံးရ ကမ္ဘာ့ဖလားခြေစစ်ပွဲသတင်း

- *ဥရုဂွေးအသင်းသည် ၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် ကော့စတာရီကာနှင့် ရှုံးထွက် ပထမအကျော့ကစားရာတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။*
- *ပြင်သစ်အသင်းနှင့် အိုင်ယာလန်အသင်းတို့သည် ၂၀၁၀ကမ္ဘာ့ဖလားခြေစစ်ပွဲ ရှုံးထွက်ပထမအကျော့တွင် အနယ်လ်ကာ၏ဂိုးဖြင့် ပြင်သစ်တို့ အနိုင်ရရှိထားသည်။*
- *နယူးဇီလန်အသင်းသည် ဘာရိန်းအသင်းနှင့် ၂၀၁၀ကမ္ဘာ့ဖလားခြေစစ်ပွဲ ရှုံးထွက် ဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ရိုလီဖော်လွန်၏ ခေါင်းတိုက်ဂိုးဖြင့် ခြေစစ်ပွဲအောင်သွားသည်။*
- *ကင်မရွန်းအသင်းသည် မော်ရိုကိုအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်၍ ခြေစစ်ပွဲအောင်ကာ ဆဋ္ဌမအကြိမ်အဖြစ် ကမ္ဘာ့ဖလားနောက်ဆုံးပွဲများသို့ တက်ရောက်သွားသည်။* (အင်တာနက်)

တိုက်စစ်မှူး ကာတန်ကိုးလ် ပြန်ကစားနိုင်တော့မည်

လန်ဒန် နိုဝင်ဘာ ၁၆

တိုက်စစ်မှူး ကာတန်ကိုးလ်သည် ဝက်စ်ဟမ်းရေ့တန်းတွင် ပြန်လည်ကစားနိုင်တော့မည်ဖြစ်ကြောင်း၊ ဟူးလ်စီးတီးနှင့် ကစားမည့်ပွဲ၌ စတင်ကစားမည်ဖြစ်ကြောင်း ဝက်စ်ဟမ်းကလပ်က ကြေညာသည်။

ကိုးလ်သည် ဝက်စ်ဟမ်းအသင်းအတွက် ယခုနှစ်အတွင်း ခြောက်ဂိုးသွင်းယူပေးထားရာ ဂိုးအများဆုံးသွင်းသူလည်း ဖြစ်သည်။ ၎င်းသည် နိုဝင်ဘာ ၄ရက်က အက်စ်တွန်ဗီလာနှင့် ကစားရာတွင် ခြေသလုံးတံကောက်ကြော ထိခိုက်ဒဏ်ရာရခဲ့ခြင်း ဖြစ်သည်။

အသက် ၂၆နှစ်ရှိ တိုက်စစ်မှူးကိုးလ်အား လာမည့် ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီတွင် မန်ယူက ပေါင်သန်း ၂၀ပေး၍ ခေါ်ယူရန်ကမ်းလှမ်းထားကြောင်း သိရသည်။ (အင်တာနက်)

တောင်ကြီးခရိုင် အခြေခံပညာ ကျောင်းပေါင်းစုံ (၁၆)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

တောင်ကြီး နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၆)နှစ်အောက် ကျောင်းသား ကျောင်းသူများ ဘောလုံးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ၃၀ရက် မွန်းလွဲ၂နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အဆိုပါပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အမျိုးသားပွဲစဉ်၌ တတိယဆု ပူးတွဲရရှိသည့် ရှာင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ အမျိုးသမီးပွဲစဉ်၌ တတိယဆု ပူးတွဲရရှိသည့် တောင်ကြီးနှင့် ဖယ်ခုံမြို့နယ်အသင်းတို့ကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ဦးလှဇော်လွင်က ဆုချီးမြှင့်ပေးပြီး အမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ ဒုတိယဆု ရရှိသည့် ပင်းတယမြို့နယ်အသင်းကို လက်ထောက်ပြည်နယ် ပညာရေးမှူး(စစ်ဆေး) ဦးအောင်ဆွေဦးက ဆုချီးမြှင့်သည်။

ဆုပေးအပ်

ထို့နောက် အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် တောင်ကြီးမြို့နယ်အသင်းအား ဦးခွန်စိန်မြင့်က ဆုချီးမြှင့်ပေးပြီး အမျိုးသား ပထမဆုရရှိသည့် ဖယ်ခုံမြို့နယ်အသင်းနှင့် အမျိုးသမီး ပွဲစဉ် ပထမဆုရရှိသည့် ဆီဆိုင်မြို့နယ် အသင်းတို့အား ပြည်နယ်ပညာရေးမှူး(စစ်ဆေး) ဒေါ်ခင်ဝင်းမာက ဆုချီးမြှင့်သည်။ ဆက်လက်ပြီး အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသော ဖယ်ခုံမြို့နယ်အသင်းနှင့် အမျိုးသမီး ဘောလုံးတံခွန်စိုက်ဒိုင်းဆုရရှိခဲ့သည့် ဆီဆိုင်မြို့နယ် ဘောလုံးအသင်းတို့အား တောင်ကြီးခရိုင် ပညာရေးမှူး ဆရာမကြီး ဒေါ်နန်းမြစိန်က ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

(ခရိုင် ပြန်/ဆက်)

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော စံပြ(၁)လမ်း ကတ္တရာခင်းခြင်း(မြို့ပြ) ကျောက်စုဆောင်းမှုကို နိုဝင်ဘာ ၅ရက်က အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်းတပ်မြို့၌ ဝတ်ရည်စာကြည့်တိုက်ဖွင့် စာအုပ်စာစောင်မျိုးစုံ ပေးအပ်လှူဒါန်း

မင်းတပ် နိုဝင်ဘာ ၁၂

မင်းတပ်မြို့ မရိုယောကျေးရွာအုပ်စု ဝမ်းကျေးရွာ ဝတ်ရည်စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ၈ရက်က ကျင်းပရာ မင်းတပ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်း၊ မရိုယောကျေးရွာအုပ်စု အဖွဲ့ဝင် ဦးလိန်းနိုင်း၊ ဝမ်းကျေးရွာဥက္ကဋ္ဌ ဦးနိုင်းလောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဟောပြော

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက စံ(၅)ချက်နှင့်ပြည့်စုံသည့် ကျေးရွာစာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ပြိုင်တူတွန်းမှရွေ့မည် ခေါင်းစဉ်ဖြင့် ဟောပြောပြီး မရိုယောကျေးရွာအဖွဲ့ဝင် ဦးလိန်းနိုင်းက မိမိအုပ်စုအတွင်း ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆောင်ရွက်နေမှုအခြေအနေ၊ ရက်သာကျေးရွာဥက္ကဋ္ဌဦးလိန်းထန်းက စာငှားစနစ်ဆောင်ရွက်နေမှု၊ အေးစခန်းကျေးရွာဥက္ကဋ္ဌ ဦးလိန်းဟာက စာကြည့်တိုက် ငွေပဒေသာပင်ထူထောင်ထားမှု၊ ရိုန်းကျေးရွာဥက္ကဋ္ဌ ဦးရွှေဟာက သတင်းစာနှင့် ဒို့ကျေးရွာဂျာနယ်ဖတ်ရှုမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ခရိုင်ဦးစီးအရာရှိက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး အကြံပြုကြသည်။

လက်ခံယူ

ဆက်လက်၍ မရိုယောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာအတွက် စာအုပ်၊ စာစောင်မျိုးစုံ ၅၀၀ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ စံ(၅)ချက်ညီညွတ်ရေးနှင့် စာအုပ်များတိုးပွားရေး ဆားလင်းကြီး၌ ဆွေးနွေး

ဆားလင်းကြီး နိုဝင်ဘာ ၁၃

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စာငှားကတ်စနစ်ကျင့်သုံးခြင်းဖြင့် စံ(၅)ချက်နှင့် ညီညွတ်သည့် စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ရက်က ကျောက်မျက်ကျေးရွာ ပညာရတနာစာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ကျေးရွာအုပ်စု ဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် ကျေးရွာအုပ်စုအတွင်းရှိစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ စာကြည့်တိုက်မှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြ၍ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က စာငှားစနစ် ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင်များတိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူလှူဒါန်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆွေးနွေးသည်။

ရှင်းလင်း

ဆက်လက်၍ ကျေးရွာအုပ်စုများအတွင်းရှိ စာကြည့်တိုက်ဥက္ကဋ္ဌများက စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိရာ နဝရတ်လမ်း လမ်းဘေးဝဲယာတွင် ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူ၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

အင်္ဂပူ နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ညောင်ကျိုးရှိ ဘဝတက္ကသိုလ်စာကြည့်တိုက်၊ ခြောက်ရွာအုပ်စု ဦးတင်ဟုတ်စာကြည့်တိုက်၊ ကျိုကြီးအုပ်စုပညာဝတ်ရည်စာကြည့်တိုက်များတွင် အောက်တိုဘာ ၁၉ရက်မှ ၂၄ရက်အထိ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရာ အုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဆက်လက်ပို့ချ

အဆိုပါသင်တန်းတွင် အုပ်စုဥက္ကဋ္ဌများက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဦးသန့်ရှင်းမောင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကြောင်း ဟောပြောပြီးတက်ရောက်လာကြသော သင်တန်းသားသင်တန်းသူများအား မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆက်လက်ပို့ချသည်။

(မြို့နယ် ပြန်/ဆက်)

ပုလောမြို့ မြနန္ဒာလမ်း ကတ္တရာခင်းရန် ကျောက်စုဆောင်းထားရှိမှုကို အောက်တိုဘာ ၂၂ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးသိန်းလှိုင်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ) ဦးသန်းဇော်ထွန်း တို့က ရှင်းလင်း တင်ပြစဉ်။ (တိုင်းစည်ပင်)

အမျိုးသားနေ့အထိမ်းအမှတ် မြိတ်၌ကျင်းပ

မြိတ် နိုဝင်ဘာ ၁၃

(၈၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီက မြိတ်မြို့ ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အထက(၂)ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြိတ်မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရွှေက ဖတ်ကြားသည်။

ဆက်လက်၍ အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

စာဖတ်ဝိုင်း အင်တောမြို့၌ကျင်းပ

အင်တော နိုဝင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အင်တောမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ကြူကြူလှိုင်နှင့်အဖွဲ့သည် အောက်တိုဘာ ၁၆ရက် နံနက်၉နာရီက အင်တောမြို့ ကျောက်ဂူကျေးရွာအုပ်စု ဆီဆုံဂနိုင်ကျေးရွာသို့ သွားရောက်ပြီး နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ပြသခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ဖတ်ကြား

ဆက်လက်၍ ဆီဆုံဂနိုင်ကျေးရွာ ပညာဗလစာကြည့်တိုက်တွင် စာဖတ်ပွဲ ကျင်းပရာ ပဉ္စမတန်းမှ ကျောင်းသား မောင်မျိုးအောင်က ဒို့ကျေးရွာဂျာနယ် အတွဲ ၆၊ အမှတ်၁၇ပါ ညီညွတ်မှုဖြင့် လျှောက်လှမ်းကြမည်ကိုလည်းကောင်း၊ ပဉ္စမတန်းမှ ကျောင်းသူ မဇာနည်ဝင်းက ဒို့ကျေးရွာဂျာနယ်အတွဲ၆၊ အမှတ်၁၈ပါအကြောင်းနှင့်အကျိုးတို့ကို ဖတ်ကြားကြသည်။

တက်ရောက်

ထိုစာဖတ်ပွဲသို့ ကျေးရွာမှ စာပေဝါသနာပါသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အောက်တိုဘာ ၃၀ရက်က အင်းစိန်မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းမှ ဦးအောင်ဝင်း-ဒေါ်စန်းစန်းဝင်းတို့၏သား မောင်မင်းဆက်အောင် တတိယတန်း(က)၏ မွေးနေ့အလှူအဖြစ် အာဟာရကျွေးမွေးလှူဒါန်းစဉ်။ (ပညာရေး)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် မြို့မ(၂)ရပ်ကွက်ရှိ သမစိတ္တလမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ (လက်ထောက်အင်ဂျင်နီယာ)ဦးကျော်ကျော်ဝင်းတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်တင်မာအေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ညောင်ရွှေစည်ပင် မြို့သာယာလှပရေး ကွင်းဆင်းဆောင်ရွက်

ညောင်ရွှေ နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးလင်းထွဋ် ဦးဆောင်ကြီးကြပ်၍ ရုံးဝန်ထမ်းများစုပေါင်းကာ မြို့တွင်းသို့ လှည့်လည်ကွင်းဆင်းပြီး စိုက်ပျိုးပြီးသော ပန်းအလှပင်များနှင့် အရိပ်ရပန်းပင်များကို ကြည့်ရှုကြောင်း သိရသည်။

(ဝ၂၁)

မုံရွာစီးပွားရေးတက္ကသိုလ် ဒသမအကြိမ်ဘွဲ့နှင်းသဘင်ကြေညာချက်

မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၀၈ခုနှစ်နှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တို့တွင် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့စာမေးပွဲ (MBA)၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့စာမေးပွဲ(MPA)၊ မဟာဘွဲ့စာမေးပွဲများ၊ ဒုတိယနှစ်ဂုဏ်ထူးတန်း (၂၀၀၄အောင်) စာမေးပွဲနှင့် တတိယနှစ်(၂၀၀၅အောင်) စာမေးပွဲအောင်မြင်သူများ၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်ရယူ၍ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက် ဘွဲ့ယူရန်အတွက် တစ်လအတွင်း မြန်မာ၀တ်စုံဖြင့် ရိုက်ကူးထားသော ၂လက်မ×၁လက်မခွဲအရွယ် ဓာတ်ပုံသုံးပုံကို ပူးတွဲလျက် ၁-၁၂-၂၀၀၉ရက်မှ ၁၅-၁၂-၂၀၀၉ရက်အထိ လျှောက်ထားနိုင်ကြပါသည်။

၁။ **ဘွဲ့နှင်းသဘင်ကျင်းပရက်** ။ ။ ၁၆-၁-၂၀၁၀ရက် (စနေနေ့) နံနက် ၁၀နာရီတွင် မဟာဘွဲ့ (၂၀၀၂အောင်) မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ)၊ တတိယနှစ် (၂၀၀၅အောင်)၊ ဝါဏိဇ္ဇဗေဒဘွဲ့ (ခုံအမှတ် တဇ-၁မှ ၃၀အထိ)၊ စာရင်းအင်းပညာဘွဲ့ (ခုံအမှတ်တစ-၁မှ ၆၃အထိ)၊ ဘောဂဗေဒဘွဲ့(ခုံအမှတ် တဘ-၁မှ ၈၀အထိ)လည်းကောင်း၊ မွန်းလွဲပိုင်း၁၄း၀၀နာရီတွင် မဟာဘွဲ့ (၂၀၀၂ အောင်) မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)၊ ဒုတိယနှစ်ဂုဏ်ထူးတန်း (၂၀၀၄ အောင်) ဝါဏိဇ္ဇဗေဒဘွဲ့နှင့် စာရင်းအင်းပညာဘွဲ့၊ တတိယနှစ်(၂၀၀၅ အောင်) စာရင်းကိုင်ပညာဘွဲ့ (ခုံအမှတ် တစက-၁မှ ၃၂အထိ)၊ စာရင်းအင်းပညာဘွဲ့ (ခုံအမှတ် တစ-၆၄မှ အဆုံးအထိ၊ ပြင်ပ တစ-၂မှ ပြင်ပ တစ-၆အထိ၊ ပဂုဏ်စ-၃၊ ပဂုဏ်စ-၁၁၊ ပဂုဏ်စ-၁၅၊ ပဂုဏ်စ-၁၆၊ ပဂုဏ်စ-၁၇)၊ ဘောဂဗေဒဘွဲ့ (ခုံအမှတ် တဘ-၈၁ မှ အဆုံးအထိ၊ ပြင်ပတဘ-၁မှ ပြင်ပတဘ-၅၊ ပဂုဏ်ဘ-၂၊ ပဂုဏ်ဘ-၄ အထိ)လည်းကောင်း၊ ၁၇-၁-၂၀၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၀နာရီတွင် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု မဟာဘွဲ့(MBA)၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)၊ မဟာဘွဲ့ (၂၀၀၂ အောင်) မဟာဝါဏိဇ္ဇဗေဒဘွဲ့၊ ဖွံ့ဖြိုးမှုပညာဒီပလိုမာ Dip.DS၊ တတိယနှစ် (၂၀၀၅ အောင်)၊ ဝါဏိဇ္ဇဗေဒဘွဲ့ (ခုံအမှတ် တဇ-၃၁မှ အဆုံးအထိ၊ ပဂုဏ်ဇ-၂အထိ)၊ စာရင်းကိုင်ပညာဘွဲ့ (ခုံအမှတ် တစက-၃၃မှ အဆုံးအထိ) ဘွဲ့များအတွက် လည်းကောင်း ကျင်းပမည်ဖြစ်ပါသည်။

အစမ်းလေ့ကျင့်မည့်ရက် ။ ။ ၁၅-၁-၂၀၁၀ရက် (သောကြာနေ့) နံနက်ပိုင်း ၉း၀၀နာရီတွင် ဘွဲ့တက်ရောက်ရမည့် ဘွဲ့ရကျောင်းသား ကျောင်းသူအားလုံး မပျက်မကွက် တက်ရောက်ရမည် ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းကြေးတက်ရောက်ဘွဲ့အတွက် ကျပ်၁၅၀၀နှင့် အဝေးရောက်ဘွဲ့ကြေးအတွက် ကျပ် ၁၀၀၀ကို ပေးသွင်းရမည်။

၃။ ဘွဲ့လျှောက်လွှာများကို ကာယကံရှင်ကိုယ်တိုင်ဖြည့်စွက်၍ ဖြည့်စွက်ထားသည့် အချက်အလက်များ မှန်ကန်ကြောင်း ခံဝန်ချက်နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ် မူရင်းမိတ္တူများနှင့် ပူးတွဲတင်ပြရမည်။

၄။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာ၀တ်စုံ၊ တိုင်းရင်းသား၀တ်စုံ၊ အနောက်တိုင်း၀တ်စုံ(အမျိုးသား)နှစ်သက်ရာ ၀တ်စုံကို အပြည့်အစုံ၀တ်ဆင်၍ တက်ရောက်ရပါမည်။

၅။ ဘွဲ့၀တ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၁၁-၁-၂၀၁၀ရက်မှစတင်၍ မုံရွာစီးပွားရေး တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။ ဘွဲ့၀တ်စုံငှားရမ်းရာတွင် အမျိုးသားမှတ်ပုံတင်ကတ်ပြားပေးခဲ့ရမည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့တက်ရောက်မယူသောသူများ၏ ဘွဲ့လက်မှတ်များနှင့် အဝေးရောက်ဘွဲ့လက်မှတ်များကို (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် မကျင်းပမီ တစ်လအလိုမှ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက မုံရွာစီးပွားရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ ။ အခြားပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲ အောင်မြင်ကြသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

စုစုထွန်း (မော်ကွန်းထိန်း)
မုံရွာစီးပွားရေးတက္ကသိုလ်။

FAME Hepa - B®
ISO 9001 : 2000
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
အသည်းရောင်အသားဝါ ကာကွယ်ဆေး

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၈၁၉၉၆ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလင်းမင်း ၉/ပကခ(နိုင်)၀၀၉၀၈၂က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

မွေးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

ကျွန်မ၏မွေးဖြစ်သူ မောင်ခင်မောင်အေး ၁၂/မဂတ(နိုင်)၀၀၀၆၂၅ သည် ဆွေမျိုးသားချင်းများအား စိတ်ဆင်းရဲဒုက္ခရောက်အောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ မွေးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

အုပ်ထိန်းသူ
အဘွား-ဒေါ်ခင်စိန်
၁၂/မဂတ(နိုင်)၀၄၇၀၉၄။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၃၅/သမိုင်း၊ မြေကွက်အမှတ် (၄/ခ)၊ မြေကွက်တည်နေရာ အောင်မင်္ဂလာကြီးစက်ကုန်း (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်မြရီအမည် ပေါက်မြေပိုင်မြေအား အမည်ပေါက်မိခင်ဒေါ်မြရီနှင့် ဖခင်ဦးမောင်မောင်တို့ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့် သန်း ၁၃/လရန(နိုင်)၀၀၉၆၀၁၊ ဒေါ်သန်းသန်း နွယ် ၁၂/မရက(နိုင်)၀၅၄၆၆၉၊ ဦးဇော်လင်း ၁၂/မရက(နိုင်)၀၁၄၃၈၅၊ ဦးဇော်ဝင်း ၁၂/မရက (နိုင်)၀၉၀၉၁၀၊ ဦးဇော်မင်း ၁၂/မရက(နိုင်) ၁၃၂၀၇၂၊ ဒေါ်ခင်ခင်ထွေး ၁၂/ကမရ(နိုင်) ၀၂၅၀၆၉တို့က သားသမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ သေစာရင်းများတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ် ၆၂၅၊ ဦးပိုင်အမှတ် (၂၆·ခ)၊ (ခဲစင်း)၊ လမ်း၃၀×၇၆လမ်း မဟာမက်ဟာရှင်ဘိုလပ် အမည်ပေါက် မြေကွက်အား ဦးထွန်းကြွယ်-ပါ(၇) ၉/မရမ(နိုင်)၀၁၆၈၁၈က အမှုတွဲ အမှတ် ၀၃၃၈/ဘ(ခွဲ/ပြောင်း)/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ် ၇၂၅၊ ဦးပိုင်အမှတ် (၁-ဖ)၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၅လမ်းနှင့် ၇၆လမ်းကြား ဦးပေါကြီး-ပါ(၂) အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်အား ဦးဂျွန်တူး(ခ) ဆိုင်းတူး ပါ (၂) ၁၃/နမတ(နိုင်)၀၁၂၆၅၅က အမှုတွဲအမှတ် ၀၂၁၆/ဘ(ပြောင်း)/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၃၁၀၈ ဟွန်ဒါ 125 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့် ၁၃/လရန(နိုင်)၀၃၃၀၄၅က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ပြည်နယ်ရုံး)၊ လားရှိုး။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ၀/၁၁၊ ဦးပိုင်အမှတ်(၁၀)၊ ၆၃လမ်း×၆၄လမ်း၊ A3 လမ်း ဦးလှအောင် အမည်ပေါက်မြေကွက်အား ဒေါ်စန်းစန်း ၁/ကမန(နိုင်)၀၂၇၄၀၇က အမှုတွဲအမှတ် ၁၃၁၇/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ် (၆၆၁)ဦးပိုင်အမှတ် (၁၉+၂၀)၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊၇၉လမ်း၊ ဒေါ်သီလှ၊ ဦးကြည် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်စု(ခ)စုစု ၉/မရတ(နိုင်)၀၁၀၉၉၅က အမှုတွဲအမှတ် ၀၃၀၄/ဘ (ပြောင်း)/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်ကြည်ဝေ(ခ)မောင်အုန်းရွှေ(ခ) မောင်မင်းဆွေ ၉/တတဥ(နိုင်)၀၈၁၂၉၆သည် မိမိ၏သဘောဆန္ဒအရ နေအိမ်မှထွက်သွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးချစ်ဝေ-ဒေါ်နီ။

သင့်သွေးဖြင့် အသက်ကယ်ပါ

နွားထိုးကြီး၌ ယာဉ်အန္တရာယ် ပပျောက်ရေး စစ်ဆေး

နွားထိုးကြီး နိုဝင်ဘာ ၁၅

နွားထိုးကြီးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီက ယာဉ်အန္တရာယ် ပပျောက်စေရေးအတွက် မော်တော်ဆိုင်ကယ်နှင့် ထော်လာဂျီ အနေးယာဉ်များ မောင်းနှင်ရာတွင် မော်တော်ဆိုင်ကယ်ဦးထုပ်ဆောင်းရန်နှင့် ထော်လာဂျီ အိတ်ဇောကျယ်လောင်မှုမရှိစေရန်အောက်တိုဘာ၂၇ရက်ကစစ်ဆေး၍ပညာပေးဒဏ်ရိုက် အပြစ်ပေးမှုများ ဆောင်ရွက်ကြသည်။

နွားထိုးကြီးမြို့နယ်၌ မော်တော်ဆိုင်ကယ် အစီး၃၀၀၀ကျော်၊ ထော်လာဂျီ ၁၀၀ခန့်ရှိကြောင်း သိရသည်။ (၀၉၂)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးမှူး-၂ ဦးဇော်နိုင်နှင့်အဖွဲ့ဝန်ထမ်းများ အောက်တိုဘာ၂၇ရက်က မြို့ပေါ်ရပ်ကွက်များတွင် အဘိတ်ပိုးသတ်ဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဦးစီးအရာရှိ ဒေါ်ဝင်းမာသန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မအူပင်မြို့နယ် ပညာပျိုးခင်း စာကြည့်တိုက်ဆောက်ရန် ပန္နက်တင်

ရန်ကုန် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်း မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာ၌ ပညာပျိုးခင်း ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၅ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ပန္နက်တင်

ပန္နက်တင်မင်္ဂလာအချိန်တွင် မြို့နယ် ဥက္ကဋ္ဌ ဦးရည်မွန်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်နှင့် ရပ်မိရပ်ဖ ဦးအုန်းရွှေတို့က ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်က ပံ့ပိုးငွေ ကျပ်၁၀သိန်း မတည်၍ ကျေးရွာပြည်သူများ ထည့်ဝင်ငွေဖြင့် ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အမှတ်၅၃ အုန်းပင်လမ်းနေ မိခင်ကြီး ဒေါ်ချစ်ညွန့် (၈၉)နှစ်မြောက် မွေးနေ့ အလှူအဖြစ် ငွေကျပ် သုံးသိန်းကို တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အဘိုးအဘွားများအတွက် ဆေးအာဟာရ ပဒေသာပင်လှူဒါန်းရာ ရိပ်သာအတွင်း ရေးမှူး ဦးမြသိန်းလက်ခံယူစဉ်။(၁၀၅)

အမျိုးသားနေ့အထိမ်းအမှတ် ဟောပြောပွဲ မင်းတပ်၌ ကျင်းပ

မင်းတပ် နိုဝင်ဘာ ၁၄

(၈၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ၁၁ရက် နံနက်၉နာရီက မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ (၈၉)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြင့်သန်းကဖတ်ကြားပြီး မင်းတပ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက ပြိုင်တူတွန်း၍ထူခဲ့သည် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက်(၈၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် အခြေခံပညာအထက်တန်း၊အလယ်တန်းအဆင့် ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဇာတ်မာန်

ယင်းနောက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဇာတ်မာန်သီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ် မြို့နယ် စည်ပင် သာယာရေး အဖွဲ့ အောက်တိုဘာ ၁၉ ရက်က မြို့မဈေး အပြင်တန်း ရေမြောင်း အတွင်း အမှိုက်များ ဆယ်ယူမှုကိုအမှုဆောင် အရာရှိ ဦးခင်မောင်လေး ကွင်းဆင်း ကြီးကြပ်ပေးစဉ်။
(ခရိုင် ပြန်/ဆက်)

မင်္ဂလာဒုံ အထက(၃) အာစရိယပူဇော်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်အထက(၃) အာစရိယပူဇော်ပွဲ အခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ နိုဝင်ဘာ ၁၁ ရက်က ကျင်းပရာ ဆရာကြီး ဆရာမကြီး ၈၀တက်ရောက်ကြပြီး တပည့်ကျောင်းသား ကျောင်းသူများက လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ အခမ်းအနားသို့ အခမ်းအနားဖြစ်မြောက်ရေးကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကာ ဆရာကြီး ဆရာမကြီးများနှင့်အတူ နံနက်စာ ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။

ယနေ့ခေတ်မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏လမ်းများ(၁၂)

နေပြည်တော် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံသည် ထိုင်း၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများနှင့် ဆက်စပ်လျက်ရှိပြီး အဆိုပါနိုင်ငံများနှင့် ဆက်သွယ်မည့် လမ်းမကြီးများအား လမ်းသင်္ကေတများနှင့်အညီ သတ်မှတ်ခဲ့သည်ကို သတင်းဆောင်းပါး အမှတ်(၁၁)တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

အာရှလမ်းမကြီးများအား ယခင်က အင်္ဂလိပ်အက္ခရာ 'A' ကို ရှေ့မှ သတ်မှတ်ပြီး လမ်းနံပါတ်များကို နောက်မှ ပူးတွဲဖော်ပြပါသည်။ ဥပမာအားဖြင့် A-1; A-2; A-14 စသည်ဖြင့် သတ်မှတ်ခဲ့ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✻

ဘားအံ-ကော့ကရိတ်လမ်းအပိုင်းကို ဤသို့တွေ့ရသည်။ (ဆောက်လုပ်ရေး)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဗီတာမင်ဒီ ချို့တဲ့မှု နှလုံးရောဂါနှင့် အသက်အန္တရာယ်ပိုနီးဟုဆို

ဗီတာမင်ဒီ ချို့တဲ့သူများ အနေဖြင့် လေဖြတ်မည့်အန္တရာယ်၊ နှလုံးရောဂါနှင့်တကွ၊ နှလုံးရောဂါ အခြေခံ မရှိသည့်တိုင် အသက် အန္တရာယ်ကျရောက်မည့် အလား အလာများရှိကြောင်း သုတေသီ များက တွေ့ရှိရသည်။

လေ့လာသိရှိ

ဗီတာမင်ဒီ ချို့တဲ့မှုကြောင့် ကြွက်သားနှင့် အရေပြားတို့နှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

သတင်းဆောင်းပါး	- ခရမ်း-စိုးမြင့်
မှတ်တမ်းဓာတ်ပုံ	- ဆောက်လုပ်ရေးဝန်ကြီးဌာန
စာမျက်နှာဖွဲ့စည်းမှု	- မိုးမိုးအောင် (မြန်မာ့အလင်း)

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများ အားဖြင့် သာယာမည်။